


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ပြောပေးမည့်လူရှိတုန်း လုပ်ထားကြပါ

(၁၆၁)

စိတ္တသုခကြွယ်

ဟောကြားသည့်နေ့
၂၈-၃-၆၂

0323

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပြောပေးမည့်လူရှိတုန်း လုပ်ထားကြပါ

(စိတ္တသုတ္တကြွယ်)

THITSARPARAMI LIBRARY
Date ..........

ဟောကြားသည့်နေ့
(၂၈-၃-၁၉၆၂)

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏
# အမှာစာ

ဤတရားတော်များသည် ပရိတ်သတ်အများအား ဟောကြားသော တရားတော်များမဟုတ်ပါ။ မန္တလေးမြို့ ရွှေလုံ ရပ်နေ၊ ဦးချစ်ဆွေ ဒေါ်မမတို့အား နံနက် (၇) နာရီတွင် သီခြား ဆုံးမလေ့ ရှိသော နာရီဝက်တရားတော်များဖြစ်ရာ (၂၈၊ ၃၊ ၆၂) ရက်နှင့် (၂၉၊ ၃၊ ၆၂) ရက်နေ့ နံနက်၌ ဟောကြားသောတရား တော် နှစ်ပုဒ်ကို ပေါင်းထားခြင်းဖြစ်ပါသည်။

ဤတရားတော်မှာ အနာဂါမ်တည်ပြီးသား စိတ္တသူ ကြွယ်၏ စုတေစိတ်ကျခါနီး အကြောင်းအရာများကို ဖော်ပြထား ပါသည်။ စိတ္တသူကြွယ်သည် စိတ်ချရတဲ့အလုပ် လုပ်ထားတဲ့ အတွက် ကိုယ်သွားရမည့်နေရာ၊ ရောက်မည့်နေရာကို သိနေ ကြောင်း ဟောကြားတော်မူပါသည်။

စိတ္တသူကြွယ်က သူငယ်ချင်းဖြစ်သူ အစေလကဿပကို ဟောကြားသော လူတို့၏ ကျင့်ဝတ် (၁၀) ပါးနှင့် ထိုတရား၏ ထက်မြတ်ပုံကို နှိုင်းယှဉ်၍ ပြဆိုထားပြီး အစေလကဿပ ရဟန္တာဖြစ်သွားပုံကိုပါ ဆရာတော်ဘုရားက ဟောကြားတော် မူပါသည်။

ဤတရားတော်တွင် ကုသိုလ်နှစ်မျိုး အထက်တန်းကုသိုလ်နှင့် အောက်တန်းကုသိုလ်ခြားနားပုံအပြင် ကိုယ်လုပ်ထားတဲ့ အလုပ်သည် အတော် ခရီးပေါက်ပြီလား မပေါက်သေးဘူးလား ဆုံးဖြတ်နိုင်ကြောင်း ဟောကြားထားတော်မူပါသည်။

သူတော်ကောင်းရတနာ (၇) ပါး ပြည့်စုံကြပါစေ။

၁-၉-၂၀၀၁။ အမှုဆောင်အဖွဲ့။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ပြောပေးမည့်လူရှိတုန်း

# လုပ်ထားကြပါ (၁)

## (စိတ္တသူကြွယ်)

ဟောကြားသည့်နေ့ (၂၈-၃-၁၉၆၂)

စိတ္တသံယုတ်တဲ့၊ စိတ္တသံယုတ်ဆိုတော့ စိတ်ကို ဟောလိမ့်မယ်လို့ ဒီလိုမအောက်မေ့ပါနဲ့၊ စိတ္တသူကြွယ် အကြောင်းပြုဟောမှာ၊ စိတ္တသူကြွယ်က ဘယ်လို ပုဂ္ဂိုလ်တုံးလို့ မေးတဲ့အခါကျတော့ အနာဂါမ်တည်ပြီးသား ပုဂ္ဂိုလ်လို့ မှတ်ရမယ် (တင်ပါဘုရား)။

## စိတ္တသူကြွယ်

စိတ္တသူကြွယ်က အနာဂါမ်တည်ပြီးသား ပုဂ္ဂိုလ်ဖြစ်ပြီး သကာလ နေတော့၊ သူနဲ့ ပတ်သက်တဲ့ ဝတ္ထုတွေတော့ အများကြီးပဲ အခုဟာ သူ စုတေစိတ်ကျမယ့် ဝတ္ထုလို့ မှတ်ထား ရမယ် (တင်ပါ)။

သူဟာ တစ်နေ့သဦ မမာလာဘူး၊ မမာလာတော့ ဘေးက သစ်ပင်စောင့်နတ်တို့ မြို့စောင့်တဲ့ နတ်တို့ ဥယျာဉ်ခြံထဲ စောင့်တဲ့နတ်တို့က လာလာ သတိပေးကြတယ်။ လာလာ သတိပေးကြတယ်။ ဒီပြင်ဟာ မတောင့်တပါနဲ့၊ သေခါနီးကို၊ စကြဝတေးမင်းဆုကို တောင်းပါ (တင်ပါဘုရား) လာလာပြော ကြတယ်၊ စကြဝတေးမင်းဆုကိုပဲ တောင့်တပါ၊ လူမမာကို လာလာပြောနေကြတယ်၊ သူက ပြန်ပြောတယ်။

## ဒီသုံးခွန်းပဲပြောတယ်

တမ္ပိအနိစ္စံ

**တမ္ပိအဒ္ဓုဝံ**

**တမ္ပိပဟာယ ဂမနီယံ**

ဒီသုံးခွန်းပဲ သူက စကားပြောတယ်။

ဒီစကြဝတေးမင်းဟာလည်း အနိစ္စ မမြဲပါဘူးတဲ့၊ သူ့ကို ကျော်လွန်ပြီးသကာလ ကျုပ်က သွားမှာတဲ့၊ ဒီအာရုံလောက်

အလိုရှိတာမဟုတ်ဘူး နိဗ္ဗာန်ပေါ့လေ (တင်ပါဘုရား) သူက ဒါတွေ အနိစ္စတွေ၊ ဒါတွေဟာ ဒုက္ခတွေ၊ မမြဲတဲ့တရားတွေ၊ ဒါတွေသည်ကားလို့ဆိုရင် ပယ်ပြီးသကာလ ကျုပ်က သွားမှာလို့ နတ်က ဖွင့်ဟပြောတယ် (တင်ပါဘုရား)။

နတ်က ဖွင့်ဖွင့်ပြောတော့ သူ့သားတွေ၊ သမီးတွေ၊ ဆွေမျိုးတွေကလည်း မမာနေတဲ့အချိန်မှာ အနားက စောင့်နေကြတယ်၊ စောင့်နေကြတော့ ဟိုက နတ်တွေကလည်း ဝိုင်းပြီးပြောကြတယ်။

## စိတ္တသူကြွယ်က အနာဂါမ်

ပြောတာကလည်း ဒီနတ်တွေကလည်း သိပြီးသားတွေ (တင်ပါဘုရား) ဘယ်လို သိပြီးသားဖြစ်သလဲလို့ မေးတဲ့အခါကျတော့ ဟိုက သီလမြဲပြီးသားကို အနာဂါမ်ဆိုတော့ (မှန်ပါတယ်ဘုရား)။

သီလမြဲပြီးသား ပုဂ္ဂိုလ်ဆိုတော့ ရဟန္တာတော့ မဖြစ်သေးတော့ သူလိုချင်တာတော့ ရတယ် (တင်ပါဘုရား) စကြဝတေးမင်းကြီး လိုချင်လည်း ရတာပဲ၊ ဗြဟ္မာလိုချင်လည်း ရတာပဲ၊ နတ်အကြီးစားတွေ လိုချင်လည်း ရတာပဲ၊ အဲဒါ ဘေးက ပြောတဲ့နတ်တွေက သိတယ်၊ (တင်ပါဘုရား) ခင်ဗျား လိုချင်တာ ရတယ်၊ အဲဒါကြောင့် စကြဝတေးမင်း ဆုအကောင်းဆုံးပဲ၊ အဲဒါသာ

ညွတ်လိုက်စမ်းပါ၊ သေခါနီးကိုပေါ့လေ (တင်ပါဘုရား)။

ဒါသာ ညွတ်လိုက်စမ်းပါဆိုတော့ မဟုတ်ဘူးတဲ့၊ ဒါတွေဟာ နတ်တွေကို ပြန်ပြောတယ်၊ အဲဒါ လူမမာစောင့်တွေက မကြားဘူး (တင်ပါဘုရား) သူက ပြန်ပြောတာတော့ လူမမာစောင့်တွေက ကြားတယ်၊ ဒါတွေ အနိစ္စတွေ နတ်တွေက ပြောတော့ ဒါတွေဟာ မမြဲတဲ့တရားတွေ၊ ဒါတွေ ကျော်လွန်ပြီး သကာလ သူသွားမယ်၊ သူက ဒါချည်းပြောနေတာ (တင်ပါဘုရား)။

## တောင်ပြောမြောက်ပြောမပြောဖို့

ဒါချည်းပြောတော့ အနားက လူမမာစောင့် ဆွေမျိုးဉာတကာတွေက စိတ္တသူကြွယ် တောင်ပြော မြောက်ပြောမပြောပါနဲ့၊ တောင်ပြောမြောက်ပြောပြီးသကာလ ဟိုဟာ ဒီဟာပြောမနေပါနဲ့၊ ဟိုဟာအနိစ္စ၊ ဒီဟာ မမြဲဘူး၊ ဒါပယ်ပြီးသကာလသွားမယ်ဆိုတဲ့ စကားလုံးတွေကို၊ သူတို့ကတော့ ကယောင်ချောက်ချားပြောနေတယ်လို့ ထင်တာပေါ့ကွ (မှန်ပါဘုရား)။

အဲဒီလိုပြောပြီးသကာလ ဘေးကနေ ပိတ်ပင်ကြတယ်၊ စကားတောင်ပြော မြောက်ပြောမပြောပါနဲ့ဆိုတော့၊ စိတ္တသူကြွယ်က မဟုတ်ဘူး၊ ငါက ဘာတွေများပြောလို့တုံး၊ ဟာ

အခုပြောနေတာ ကြားသားပဲ တမ္ပိအနိစ္စံ၊ တမ္ပိအဒ္ဓုဝံ၊ တမ္ပိ ပဟာယ ဂမနီယံလို့ ဒီစကားတွေပြောတယ်။

ဒါတွေ အနိစ္စပဲ ဒါတွေဒုက္ခပဲ ဒါတွေကျော်လွန်ပြီး သွားမယ်ဆိုတော့ ဒါတွေ တောင်ပြော မြောက်ပြော ပြောတဲ့ စကားတွေပဲ၊ နားမှ မလည်ဘဲကို၊ သူသာသိတယ် (မှန်ပါတယ် ဘုရား)။

## သီလမြဲမှ ဆုတောင်းပြည့်တယ်

မဟုတ်ဘူး၊ ဒါတွေ ကယောင်ချောက်ချားပြောနေတဲ့ စကားလို့ မင်းတို့ကမမှတ်နဲ့၊ ငါ့ကို တောစောင့်နတ်၊တောင်စောင့် နတ်၊ မြို့စောင့်နတ် အမျိုးမျိုးသော ဒီသစ်ပင်တွေ စောင့်တဲ့နတ် တွေက အကုန်စုဝေးပြီးသကာလ၊ စိတ္တသူကြွယ် စိတ်ကူးမလွဲပါနဲ့၊ စကြဝတေးမင်းဆုအကောင်းဆုံးပဲ၊ ဒါသာ တောင့်တပြီး ယူလိုက် ပါ၊ သင့်မှာ သီလက ပြည့်စုံပြီးသားဖြစ်နေတော့ တောင့်တတာ ရတယ်၊ သဘောကျပလား (သဘောကျပါပြီဘုရား)။

ဒါကြောင့် မင်းတို့ ဆုတောင်းတယ် ဆုတောင်းတယ် ဆိုပေမယ့်လည်း . . . တဲ့၊ မြဲပြီးသား သီလရှိတဲ့ပုဂ္ဂိုလ်မှ ဆုတောင်းမြဲတာ (တင်ပါဘုရား)၊ ဒီမနက် ဆောက်တည်ထားတဲ့ သီလလေးက ဒီနေရာဆောက်တည်လိုက် ဟိုနေရာ တော် အောင် ပြောလိုက် ရယ်လိုက် မောလိုက်နဲ့ အဲဒီသီလမျိုး မရဘူး စိတ်မချရဘူး (မှန်ပါဘုရား)။

## အရိယာသီလမှမြဲတယ်

အရိယာသီလမှမြဲတာ (တင်ပါဘုရား) အရိယာ သီလဆိုတာ သောတာပန်တည်ပြီးတဲ့ ပုဂ္ဂိုလ်များ ခါးကုပ်ပေါ် တင်ပြီးသကာလ ဝဲပြီးဒီကြွက်ကလေး သတ်ရမယ်၊ ဒီကြောင်ကလေး သတ်ရမယ် ဆိုစေကာမူ၊ သူတို့မှာ လုပ်နိုင်တဲ့ စွမ်းရည်သတ္တိ၊ သူတို့အတွက်သာ စွန့်တော့တယ် ဒါလုပ်တဲ့ ထုံးစံမရှိဘူး (တင်ပါဘုရား)။

## မြဲတဲ့သီလဆိုတာ

နိစ္စသီလ ဖြစ်သွားတယ် (တင်ပါဘုရား) နိစ္စ ဆိုတာ မြဲတာ၊ သီလ ဘယ်လောက်ထိအောင် မြဲသတုံးလို့ အစ်မတို့က မေးလို့ရှိရင်၊ သူတို့မှာ ခံယူဖို့ ဝတ္တရားမရှိဘူး၊ ဒီဘဝစုတေတယ်ကွ၊ အထက်မင်္ဂအထက်ဖိုလ်လဲ မရသေးဘဲနဲ့ နတ်ရွာသုဂတိ ရောက်သွားတယ်၊ အဲဒီ ရောက်သွားလည်း ဒီသီလမပျက်ဘူးတဲ့၊ နောက်ထပ်ခံယူစရာ အကြောင်းမရှိဘူး (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

သီလဟာ၊ သောတာပန်တို့၏ သီလ၊ အနာဂါမ်တို့၏ သီလဟာဖြင့် ဘယ်အခါကာလမှ ဘဝကူးသွားငြားသော်လည်း မပျက်ပါဘူး (တင်ပါဘုရား)။

ဟိုဘဝ၊ ဒီဘဝ၊ အကြောင်းအကျိုးဆက်သွားငြားသော်

လည်း. . . တဲ့၊ ဒီသီလတွေကတော့ မပျက်ဘူး၊ အဲဒါ နတ်တွေက သိတဲ့အတွက် ခင်ဗျားမှာ သီလအပြည့်အစုံနဲ့ သီလဝတော **စေတောပဏိဓိ** ဝိသုဇ္ဈတ္တာ ဒါ သူ့ပါဠိတော်၊ **သီလဝတော**= သီလရှိသော ပုဂ္ဂိုလ်အား၊ **စေတောပဏိတိ** = စိတ်တမ်းတတဲ့အတိုင်း၊ **ဝိသုဒ္ဓတ္တာ** = စင်စင်ကြယ်ကြယ် အကျိုးပေးတတ်သည်၊ **ဟောတိ** = ဖြစ်သည်။

သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ယူချင်တာ ညွတ်လိုက်ပါတဲ့ ရတာပဲတဲ့ (တင်ပါဘုရား) ဒီ သီလကလည်း ဘယ်သီလတုံး မေးတော့မှ မြဲတဲ့သီလကို ဆိုပါတယ် (တင်ပါဘုရား) ဒီဘဝလည်း မြဲတယ်၊ ဟိုဘက်ဘဝ စုတေစိတ်ကျသွားပြီး ပဋိသန္ဓေနေပြန်ကော (မြဲပါတယ်ဘုရား) အဲဒီလိုမြဲတဲ့သီလကို ဆိုတာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ငါ့ကို ဒီလိုမပြောနဲ့တဲ့

ဒါနဲ့ ဒီလိုမပြောပါနဲ့ ဒီလို မဆိုပါနဲ့ ဆိုပြီး ကယောင်ချောက်ချားတွေ မပြောပါနဲ့၊ ဆွေမျိုးဉာတကာတွေက ပြောတော့၊ ငါ့ကို ဒီလိုမပြောကြနဲ့တဲ့ တောစောင့်နတ်၊ တောင် စောင့်နတ်၊ မြို့တွေစောင့်တဲ့နတ်၊ သစ်ပင်တွေ စောင့်တဲ့နတ်တွေ က၊ စိတ္တသူကြွယ် သင့်မှာ သီလပြည့်စုံပြီးသား လိုချင်တာ ရနိုင်တဲ့

ပုဂ္ဂိုလ်ဖြစ်နေတော့၊ လိုချင်တဲ့အထဲမှာလည်း စကြဝတေးမင်းဟာဖြင့် အကောင်းဆုံးပဲ။

ဒါကိုသာ တောင့်တပါလို့ သူတို့က ပြောတဲ့အခါကျတော့၊ ငါက ဒါတွေဟာ ခန္ဓာတွေ၊ ခန္ဓာတွေဟာ အနိစ္စတွေ၊ မမြဲတာတွေ၊ ဒါကျော်ပြီးသကာလ မြဲတဲ့နိဗ္ဗာန်သွားတော့မယ်၊ ဒါမှ ယူမယ်၊ ငါက ဒီလိုစိတ်ထားရှိဖို့ ဒါပြန်ပြောတာကိုး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သူတို့ပြန်ပြောတာပါတဲ့၊ အဲတော့ နင်တို့ကို ငါ ကယောင်ချောက်ချား ပြောတယ်လို့ မမှတ်ပါနဲ့၊ ငါလိုချင်တာကို ရနိုင်တယ်၊ စကြဝတေးမင်းလိုချင် စကြဝတေးမင်းရတယ်၊ နိဗ္ဗာန်လိုချင် နိဗ္ဗာန်ရတယ်၊ ငါ့အတွက်ဟာ စိုးရိမ်စရာ ပူပန်စရာ ကြောင့်ကြစရာ မရှိပါဘူး အစရှိသည်နဲ့သူက အလုံးစုံ အကျယ်တဝင့်ပြောတာပေါ့ကွာ။

ပြောတော့ လူမမာစောင့်တွေ၊ သားတွေ သမီးတွေက သဘောကျတယ် (တင်ပါဘုရား) ဩော် . . . တကယ့် သူတော်ကောင်းအလုပ်များ လုပ်ထိုက်ပါလား . . . (တင်ပါဘုရား)။

## လိုချင်တာရအောင်အလုပ်စခဲ့

ဒါဖြင့် စိတ္တသူကြွယ် သူတို့လည်း ဆုံးမပါဦး၊ ကိုယ်လိုချင်တာရအောင် ဘယ်လိုအားထုတ်ရမှာတုံး၊ အားထုတ်စဉ်

ကလေး ပေးစမ်းပါဦး၊ လူမမာကို တောင်းနေတာကွ (တင်ပါဘုရား)။

လူမမာကို တောင်းတဲ့အခါကျတော့ကိုတဲ့ **ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ** ဆိုပြီး ဂုဏ်တော်ကိုးပါး မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒါကို ဘယ်သူ ဖျက်ဖျက် မပျက်အောင် ယုံကြည်နိုင်တဲ့အလုပ်ကို လုပ်ထားရမယ်။

## အရဟံဆိုတာ

**အရဟံ** ဆိုတာလည်း ကိလေသာ အနှောင့်အယှက်တွေကို ဖျက်တတ်တဲ့ဉာဏ်ရှိသောကြောင့် ဘုရားကို အရဟံလို့ ခေါ်တာပဲ၊ တကယ့်အရဟံပဲ၊ တကယ်စွမ်းနိုင်တဲ့ ကိုယ်တော်ကြီးပဲ၊ ဒီလို ယုံယုံကြည်ကြည်နဲ့ ပေါ့လေ (တင်ပါဘုရား)။

**သမ္မာသမ္ဗုဒ္ဓေါ** မဖောက်မပြန် သစ္စာလေးပါးသိတာ၊ ဘယ်သူက မသိဘူးဆို မယုံဘူး သိတာပဲ၊ ဒီကိုယ်တော်ကြီးဟာ (တင်ပါဘုရား) အဲဒီလို ဘုရားအပေါ်၌ **အဝေစ္စပ္ပသာဒ** လို့ စာလိုက ဆိုတယ်၊ **အဝေစ္စပ္ပသာဒ** ဆိုတာက ဘယ်သူဖျက်လို့မှ မရဘဲနဲ့ မပျက်ဘဲနဲ့ ကိုယ်ယုံကြည်မှုပေးနေတာကို ဆိုတယ် (တင်ပါဘုရား) မိမိယုံကြည်မှု မြဲတာကို ဆိုပါတယ်လို့ မှတ်ထားရမယ်နော် (တင်ပါဘုရား)။

## သောတာပန်မတည်မှာစိုးရိမ်တယ်

အဲဒီလို မြတာကတော့ မှတ်ထားကြ သောတာပန် တည်ပြီးမှ မြတယ် (တင်ပါဘုရား) ဒါကြောင့် သောတာပန် မတည်မှာ များ ဘုန်းကြီးများက ဒီဒကာ ဒကာမတွေကို စိုးရိမ် ပါတယ်။

ဘာ့ကြောင့်တုံးဆိုတော့ တော်တော်ကြာ အယူဝါဒ တွေက ပြောင်းနိုင်တယ် (မှန်ပါ) ဟိုနတ်တွေ ကိုးကွယ်ပြန်ပြီ ဘယ်တွေ ပြောင်းတယ်ဆိုတော့၊ အစ်မ မှတ်ထား မတည်သေး လို့ ပြောင်းတာ (တင်ပါဘုရား) ဘုရားပြောင်းသွားလိုက်၊ ဟိုဘာသာဘက်ပြောင်းသွားလိုက်၊ ဒီဘာသာဘက် ပြောင်းသွား လိုက်၊ ဒါတွေဟာ ဘာ့ကြောင့် ထင်တုံးဆိုတော့ မြတဲ့ သီလ မရှိသေးဘူး သောတာပန် မတည်သေးဘူးတဲ့ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သောတာပန် မတည်သရွေ့ ကာလပတ်လုံး ကိုယ်မှာဖြင့် ဒီဘဝ ဗုဒ္ဓဘာသာ၊ နောက်ဘဝ တခြားဘာသာ မဖြစ်ဘူးလို့ ဆိုလို့ရပ့ါမလား (မရပါဘုရား) နောက်ဘဝကျ လို့ရှိရင် ဒိဋ္ဌိထဲ သွားတော့မယ်။

ဒီဘဝတော့ သမ္မာဒိဋ္ဌိ၊ နောက်ဘဝ မိစ္ဆာဒိဋ္ဌိ (တင်ပါ ဘုရား) အဲတော့ မိစ္ဆာဒိဋ္ဌိဘက်ကို မောင်ချစ်ဆွေ တစ်ယောက် ဖြစ်စေ၊ အစ်မတစ်ယောက်ဖြစ်စေ ကျွံသွားလိုက်လို့ရှိရင် ဒီသမ္မာ

ဒိဋ္ဌိ ဘက်ရောက်ဖို့ကို လုံးဝ မရှိတော့ဘူး (တင်ပါဘုရား)။

## အပါယ်မှာ မိတ်ဆွေဖြစ်နေတယ်

အပါယ်မှာ မိတ်ဆွေ ဖြစ်နေတယ် (တင်ပါဘုရား) တက်လမ်း ရှိသေးရဲ့လား (မရှိပါဘူးဘုရား)၊ အဲဒီက တက်ပြန်တော့ တိရစ္ဆာန်ဘုံ တက်တယ်၊ တိရစ္ဆာန်ဘုံတက်ပြန်တော့ တိရစ္ဆာန်တို့က နိုင်ရာစားဖြစ်ပြန်တော့ "ပါဏာတိပါတ" ကံတွေကော နှိပ်စက်ချလိုက်ပြန်တော့ အပါယ်ပဲ ပြန်ကျတယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် အပါယ်နဲ့ တိရစ္ဆာန်လှည့်နေတာ (တင်ပါဘုရား) အဲဒါကြောင့် မင်းတို့ ရထားတဲ့ ဘဝလေးကို ဒါမတည်တည်အောင်လုပ်တဲ့နည်းကို ဆရာဘုန်းကြီးကလည်း ပေးထားပြီပဲကွ၊ ဒီအယူဝါဒ မပြောင်းအောင်ကဖြင့် သောတာပန် တည်မှ မပြောင်းမှာ (တင်ပါ့ဘုရား)။

သို့မဟုတ်ရင်တော့ သောတာပန်တည်ပြီးသား သက္ကာယ ဒိဋ္ဌိပယ်လိုက်တော့ ဒိဋ္ဌိက (၆၂) ခုရှိတယ်၊ အဲတော့ သက္ကာယဒိဋ္ဌိပြုတ်လိုက်ရင် ဟိုဟာတွေပါ အတွဲလိုက်ပါ ပြုတ်တယ်ဆိုတော့၊ အင်မတန် အားရှိစရာ မကောင်းဘူးလား (အားရှိပါတယ်ဘုရား) (၆၂) ခုလုံး ဖြုတ်နေရမှာမဟုတ်ဘူး၊ သက္ကာယဒိဋ္ဌိက ရေသောက်မြစ်ကိုကွ (တင်ပါ့ဘုရား)။

ဒီပြင်ဟာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အမရာဝိက္ခေပဒိဋ္ဌိ ဟုတ်လား အန္တာနန္တိက ဒိဋ္ဌိ၊ ဒိဋ္ဌိတွေ (၆၂) ပါးတောင် ရှိပါတယ် ရှိပင် ရှိငြားသော်လည်း ရေသောက်မြစ်က သက္ကာယဒိဋ္ဌိပဲ (တင်ပါဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်ကြီးကို ငါ့ကိုယ်၊ ငါဟာ၊ ငါ့ဥစ္စာ ထင်နေတဲ့ အသွားဟာ သက္ကာယဒိဋ္ဌိ (တင်ပါ) အဲဒါ တစ်လုံး ပြုတ်လို့ရှိရင် အကုန်ပြုတ်တယ် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## အရေးအကြီးဆုံးဘာလဲ

ဒါဖြင့် အရေးကြီးဆုံးဘာပါလိမ့်မတုံးမေးတဲ့အခါ၊ သောတာပန် တည်အောင်လုပ်မှ သက္ကာယဒိဋ္ဌိပြုတ်မယ်၊ သက္ကာယဒိဋ္ဌိပြုတ်မှသာလျှင် နောက် အမေမှား၊ အဖေမှား တွေ့စေကာမူ ကိုယ်မမှားတော့ဘူး။

ဥပမာ - ခုနစ်ဘဝ ပဋိသန္ဓေနေတယ် ထားပါဦးတော့၊ အယုတ်ဆုံး ဒါသောတာပန်တိုင်းလည်း မဟုတ်ပါဘူး၊ တချို့ တစ်ဘဝနဲ့ ပြီးပါတယ်၊ တချို့နှစ်ဘဝ၊ သုံးဘဝနဲ့ပြီးပါတယ် (တင်ပါဘုရား) အလွန်ဖျင်းတဲ့ သောတာပန်မှ ခုနစ်ဘဝ (မှန်ပါဘုရား)။

အဲတော့ကို ဒီဘဝမှာ ကျောင်းဒကာ၊ ဘုရားဒကာ ဆရာကောင်းတပည့်၊ နောက်ဘဝမှာ ကျလာတော့ ခွေးကောင်

ကြီး၊ ဝက်ကောင်ကြီး မဖြစ်ဘူးလို့ ဆိုလို့မရဘူး ဒိဋ္ဌိမပြုတ်သေးရင် (တင်ပါဘုရား)၊ သဘောကျပလား (သဘောကျပါတယ်ဘုရား)။

မလ္လိကာ မိဖုရားကြီးကွာ၊ မင်းတို့ ခဏခဏ ပြောနေတာပဲ၊ ယနေ့ မိဖုရားကြီး စုတေ သေလွန်သွားတော့ ခုနစ်ရက်တိတိ အဝီစိကောင်ကြီး သွားဖြစ်တယ်၊ သောတာပန်မှ မတည်ပဲ ကို (တင်ပါဘုရား)။

## စိတ်ချရတဲ့အလုပ် အရင်လုပ်ထားပါ

အဲဒီတော့ ဩော် ငါတို့မှာ စိတ်ချရတဲ့ အလုပ်ကလေးတော့ လုပ်ထားဖို့ရာ ငါတို့အရေးကြီးပါလား၊ ဒါပြီးမှ ဒီပြင်အလုပ်ကို အရေးတကြီးလုပ်ဖို့ပါလားဆိုတာကို လွှဲပြောင်းယူရမယ်၊ မယူထိုက်ဘူးလား (ယူထိုက်ပါတယ်ဘုရား)။

လက်ဖက်ခြောက်ကူးချင်တယ် လက်ဖက်စိုကူးချင်တယ်၊ အိုး ကူးတာ မကူးရဘူးလို့ ဆရာဘုန်းကြီးက မတားမြစ်ပါဘူး၊ စိတ်ချရတဲ့ အလုပ်ကို အရင်လုပ်ထားပါ (တင်ပါဘုရား)။

## ပိုးကောင်အဖြစ် ခံနိုင်ပါ့မလား

စိတ်မချရတဲ့ အလုပ်ကခဲတော့ကိုတဲ့၊ တော်တော်ကြာကျတော့ ယနေ့ မိဖုရားကြီး နက်ဖြန် ခွေးချေးထိုးပိုးကောင်

ကလည်း ရှိသေးတယ် (မှန်ပါဘုရား) မရှိဘူးလား (ရှိပါတယ် ဘုရား)။

အဲတော့ အစ်မတို့ ဒီလိုကျတော့ကိုတဲ့ အဖြစ်ခံနိုင် ပါ့မလားလို့ မေးတော့၊ ပြောသံတောင် မကြားချင်ဘူး (တင်ပါ ဘုရား) ကြားချင်ပါ့မလား (မကြားချင်ပါဘုရား) မကြားချင်ဘဲနဲ့ ဒိဋ္ဌိ မဖြုတ်ရင်တော့ ဖြစ်နိုင်တာချည်းပဲ (တင်ပါဘုရား)။

## တကယ့်စေတနာနဲ့ပြောနေတာ

သက္ကာယဒိဋ္ဌိ မပြုတ်ရင် (ဖြစ်နိုင်ပါတယ်ဘုရား) ဖြစ်နိုင်တဲ့ သဘောတွေဟာတဲ့ ဆရာသမားက အတင်းအကြပ် ဆုံးမနေတယ် ဆိုလို့ရှိရင်၊ မင်းတို့ သြော် . . . တကယ်စေတနာ နဲ့ တကယ်ပြောနေ ဒါဆိုတာ မှတ်ရမယ် (မှန်လှပါဘုရား)။

အဲတော့ ခုနင်က စိတ္တသူကြွယ်မှာတော့ အစ်မတို့ ပြောခဲ့ပါပြီတဲ့ သူလိုချင်တာ ရသွားပြီ (တင်ပါဘုရား) အောက် သံသရာမဟုတ်တော့ဘူးကွ၊ အထက်သံသရာ (အထက် သံသရာ လိုချင်တာ ရပါတယ်ဘုရား)။

လိုချင်တာ ရပါတယ်လို့ နတ်တွေက တောင်းပန်တာ တောင် မယူဘူးကွ (တင်ပါဘုရား) ဒါတွေ အနိစ္စတွေ၊ ဒါတွေ မမြဲတာတွေ၊ ဒါတွေ ကျော်လွန်သွားမယ်၊ သူက အမြဲပြော နေတာ (တင်ပါဘုရား)။

## တိမ်းစောင်းမသွားစေနဲ့

အဲဒီလို ပြောနိုင်တဲ့ အခြေအနေရှိအောင် ကိုယ်လုပ်ထားရမှာကွ၊ အဲတော့ ဒါဒီနေ့ ညဟောတဲ့ တရားဟာ၊ သြော် . . .တို့ တိမ်းမှာစောင်းမှာ၊ တိမ်းနိုင်တဲ့ စောင်းနိုင်တဲ့ အခြေအနေကို သိမ်းဆည်းဖို့ အရေးတကြီး ပြောတာပဲဆိုတာ ပေါ်လာတာ (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား (ပေါ်ပါတယ်ဘုရား)။

ဒီ ရောင်းဝယ် ဖောက်ကား စားသောက်၊ မိတ်ဆွေသင်္ဂဟနဲ့ အို ဒါတွေက မောင်ချစ်ဆွေ ရိုးရာတွေပါ (တင်ပါဘုရား) အသေရှာတာတွေပါ (တင်ပါ) ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) အသေရှိရက်နဲ့ အသေရှာတာ တဏှာ၊ ဥပါဒါန်၊ ကံတွေကို အစ်မရဲ့ (တင်ပါဘုရား)။

အဲတော့ ဒါတွေကို ရှေ့မထားပါနဲ့၊ ခုနင်က ဘဝကူးတောင် မပျက်တဲ့သီလကို ရအောင်၊ တစ်ဘဝ၊ တစ်ဘဝ စုတေမနေ သေလွန်လို့ ရောက်သွားတောင် မပျက်တဲ့သီလရှိနေလို့ရှိရင် အဲဒါ သောတာပန်မှ မပျက်တဲ့သီလကွ (တင်ပါဘုရား)။

## ဒီနေ့သေ၊ ဒီနေ့သန်းကြီးဖြစ်

ဘုန်းကြီးတွေမှာ (၂၂၇) သွယ်သော သိက္ခာပုဒ်ရှိတယ်။ အင်း နက်ဖြန်ကျ သန်းကြီးသွားဖြစ်တယ်၊ တိဿတို့ကျတော့

(မှန်ပါဘုရား) ဒီနေ့သေ ဒီနေ့ပဲ သန်းကြီးသွားဖြစ်တယ်ဆိုတော့ ဒါများသာနေတာကို အစ်မရဲ့ (တင်ပါဘုရား) အမြဲ မဟုတ်သေးဘူး (တင်ပါဘုရား)။

## များတာနည်းတာ လိုရင်းမဟုတ်

ဒါဖြင့် များတာလည်း လိုရင်းမဟုတ်သေးဘူး နည်းတာလည်း လိုရင်း မဟုတ်ဘူး၊ မြဲတာ လိုရင်း သဘောပါပလား (သဘောပါ ပါပြီဘုရား) များတာကော (လိုရင်း မဟုတ်ပါဘူး) နည်းတာကော (လိုရင်းမဟုတ်ပါဘူး) မြဲတာမှ (မြဲတာမှပါဘုရား)။

မြဲ ဆိုတဲ့ဥစ္စာက ဒိဋ္ဌိပြုတ်ပြီးမှ မြဲတာ သို့မဟုတ်ရင် နက်ဖြန်လည်း ယူဦးမယ် သဘက်ခါလည်း ယူဦးမယ် ဒါ ဘယ့်နှယ် ကြောင့် ထပ်ပြန်တလဲလဲ ယူနေရပါလိမ့်မတုံးမေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး (မမြဲသေးလို့ပါဘုရား) မမြဲလို့ ယူရတာ ဆိုတာ သေချာသွားပါပြီ (တင်ပါဘုရား)။

ကဲ ဒါဖြင့် စိတ္တသူကြွယ်က မမာရင်းနဲ့ပဲ သူသီလကို ပဓါန၊ သူက ဒီထဲအတွင်းဝင်သွားအောင် သူပြောလိုက်တယ်၊ ဘုရားကို ဘယ်သူက ခါးကုပ်ပေါ် တဲပြီးသကာလ၊ ဝဲပြီးသကာလ ဖြတ်ပစ်မယ်၊ ဒီကိုးပါးဟာ မဟုတ်ဘူး မယုံနဲ့ဆိုရင်လည်း မဖြစ်ဘူးတဲ့ ယုံရမယ်၊ ဒီလိုယုံတဲ့ သဒ္ဒါတရား ဖြစ်ရမယ် (တင်ပါ

ဘုရား) သံဃာ့ဂုဏ်တော် တရားဂုဏ်တော် ၆ပါးရှိတယ်၊ **သွာက္ခာတော ဘဂဝတော ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီ၊** အဲဒီ ၆ပါးရှိတဲ့အနက်ကလည်း ခြောက်ပါးစလုံးကို ဘယ် ၂ူက လာပြီး ခါးကုပ်ပေါ် ဝဲပြီးသကာလ မဟုတ်ဘူးကွဆိုစေကာမူ ကိုယ့်စိတ်ထဲမှာတော့ ဟုတ်တယ်။

## ဒိဋ္ဌိပြုတ်မှ သီလမြဲမယ်

ဒီလိုယုံကြည်ရမယ် (တင်ပါဘုရား) အဲဒီယုံကြည်တဲ့ သဒ္ဓါတရားကျအောင် ကိုယ်က ဆောက်တည်ထားရမယ် (တင်ပါဘုရား) ဆောက်တည်ရမှာလားလို့ မေးတော့ မဟုတ်ဘူးတဲ့၊ ဒိဋ္ဌိပြုတ်သည်နှင့် တပြိုင်နက်တည်း သူတို့က မြဲသွားတယ်၊မခံယူဘဲနဲ့မြဲသွားတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြုတ်မှ မြဲမယ်ဆိုတာဖြင့် ယနေ့ည သူ့သတ္တု ချမှတ်ရမယ် (မှန်ပါဘုရား) ဒိဋ္ဌိမပြုတ်သေးရင် သီလ (မမြဲသေး ပါဘူး) မမြဲသေးဘူး မမြဲသေးလို့ ရှိရင်ဖြင့် တောင့်တတာ ဘာပြည့်တုံးတဲ့၊ မပြည့်နိုင်တော့ ကံပစ်ချသလို သွားရတယ် (တင်ပါဘုရား) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## ပုတီးကိုင်လို့ မမြဲသေးဘူး

အဲဒါတွေ အခု ဆရာရင်း ဒကာရင်းမို့ သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ပြောလာတော့မှ ဪ သီလမြဲ သီလမြဲတယ် ဆိုတာကလည်း ပုတီးကိုင်လို့ မြဲသေးတာမဟုတ်ပါလား။

ကျုပ်တို့တော့ဖြင့် သီလမြဲပါတယ်၊ ဘာကြောင့်တုံး ကိုယ်က မုသားမှ မသုံးဘဲ၊ သူ့မျှားအသက်မှ မသတ်ဘဲ အို ဒါ အလကားပြောနေတာ၊ ဒိဋ္ဌိမပြုတ်သေး မမြဲသေး (တင်ပါဘုရား) ဒါက လိုရင်း (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာတုံးကွ (ဒိဋ္ဌိမပြုတ်သေးရင် သီလမမြဲသေးပါဘုရား) မမြဲသေးဘူးဆိုတော့ ဒိဋ္ဌိကို မဂ်က ဖြတ်လိုက်တော့မှ (သီလက မြဲပါတယ်ဘုရား)။

## ဝိပဿနာအလုပ် ရှေ့ထားပါ

သီလပါ မြဲသွားတယ်ဆိုတော့မှ ဪ - သီလနဲ့ ဒိဋ္ဌိ ရှင်းလင်းတဲ့ အလုပ်နဲ့၊ တို့ဘယ်သူ့ကို အဓိက ထားရမှာပါလိမ့် မတုံး မေးတော့မှ၊ ဒိဋ္ဌိဖြုတ်တဲ့ ဝိပဿနာအလုပ်ကို ရှေ့ထားရ မှာ (တင်ပါဘုရား) ပေါ်ပလား (ပေါ်ပါတယ်ဘုရား) သူ့အောင် မြင်မှ သီလမြဲမှာကို (တင်ပါဘုရား)။

ကိုယ်က မဂ်ဆိုက် ဖိုလ်ဆိုက်ဖြစ်မှ ဘာတုံး (သီလမြဲ မှာပါဘုရား) ကိုယ်က မဂ်ဆိုက်ဖိုလ်ဆိုက် မဖြစ်သေးရင် (သီလ

မမြဲပါဘူး ဘုရား) သီလမမြဲရင် မှန်းခြေပေါက် သံသရာမှ ခရီးသွားလို့ ဖြစ်မဖြစ် (မဖြစ်သေးပါဘုရား)။

## ဆရာဒကာသုံးယောက်

သီလမြဲပြီးအခါကျလို့ရှိရင် မှန်းခြေပေါက်သွားလို့ ရတယ် (တင်ပါဘုရား) ဒါဖြင့်တို့ဟာ အခု ထိုင်သာနေကြတယ်၊ ဆရာ ဒကာသုံးယောက် ထိုင်ပြီးနေကြငြားသော်လည်း၊ အစ်မက ဘယ်လမ်း၊ ဘုန်းကြီးကဘယ်လမ်း၊ မောင်ချစ်ဆွေကကော ဘယ်လမ်းလို့ ကိုယ့်မှာ မှန်းခြေထားလို့ မဖြစ်သေးတဲ့ အခြေ အနေရောက်နေတယ် (မှန်လှပါဘုရား) မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

## တို့ဘာချို့ယွင်းချက်ရှိလို့ပါလိမ့်

မှန်းခြေထားလို့ မဖြစ်သေးတဲ့ အခြေအနေ ရောက်နေ တော့ ဒါ တို့ဘာချို့ယွင်းချက်ရှိလို့ပါလိမ့်ဆိုတာ ပေါ်သွားပြီ (ပေါ်ပါတယ်ဘုရား) မဂ်သီလ မရှိသေးလို့ (တင်ပါဘုရား) ပေါ်ပလားကွ (ပေါ်ပါပြီ မဂ်သီလ မရှိသေးလို့ပါဘုရား)။

မဂ်သီလ မရှိသေးတော့ကို ကံ စီမံနိုင်တယ်၊ မဂ်သီလ မရှိလို့ရှိရင် ကံစီမံနိုင်တယ် (တင်ပါဘုရား) မဂ်သီလရှိရင် ကံက နောက်ဆုတ်သွားတယ် မဂ်က ကံဖြတ်တာကိုကွ (တင်ပါဘုရား) မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)။

## ကံကိုနိုင်တာမဂ်

မဂ်က ကံဖြတ်လိုက်တော့ ကံက သူပစ်ချချင်သလို ပစ်ချလို့ ရသေးရဲ့လား (မရပါဘုရား) ဒါဖြင့် ကံကို နိုင်တာ မဂ်ပဲ (တင်ပါဘုရား) သီလ မြဲအောင်လုပ်တာလည်း (မဂ်ပါဘုရား) မဂ်ပဲဆိုတော့ ဒီမဂ်ကလည်း ဘယ့်နှယ်ကြောင့် သူသည် မြဲအောင် လုပ်နိုင်ပါလိမ့်မလဲဆိုတော့ ဒိဋ္ဌိသတ်ပြီးလို့ လုပ်နိုင် တာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိမသတ်နိုင်တဲ့ မဂ်ဆိုရင်ဖြင့် မလုပ်နိုင်ဘူး၊ အဲဒါ ကြောင့် သြော် ခက်လိုက်တာက နေသာနေရတယ်၊ ကိုယ့် အတွက်က စိတ်မချသေးတော့၊ သူများအတွက်ကို အသာထား ကိုယ်စိတ်ချရတဲ့အလုပ် ရှေ့ထား ပေါ်ပလားကွ (ပေါ်ပါတယ် ဘုရား)။

## လမ်းမတူကြဘူးဖြစ်ချင်သလိုဖြစ်ဦးမယ်

ထိုင်သာနေရတာကိုကွ ဆရာ၊ ဒကာ သုံးယောက် ထိုင်ပြီးတော့သာနေရတယ်၊ သူကလည်း မဂ်သီလ မရှိသေး၊ ကိုယ်ကလည်း မဂ်သီလ မရှိသေးဆိုရင်ဖြင့်၊ အင်း လမ်းမတူ ကြဘူး ဖြစ်ချင်သလို ဖြစ်ကြဦးမှာပဲဆို၊ ဘယ်ကောင်းတော့မတုံး ကွ ကောင်းနိုင်သေးရဲ့လား (မကောင်းပါဘူးဘုရား)။

ဖြစ်ချင်သလို ဖြစ်ဦးမယ်ဆိုတော့ ကောင်းသေးရဲ့လား

(မကောင်းပါဘုရား) အဲဒါ ဘာကြောင့်တုံးဆိုတော့မှ ဒိဋ္ဌိမပြုတ်တော့ မဂ်သီလမရှိဘူး (တင်ပါဘုရား)။

## ဒါကိုငါမချီးမွမ်းသေးပါဘူး

မင်းတို့သားတွေ ရှင်ပြုထားတယ်၊ ဒါနပွဲအကုန်ပါတယ်၊ လေး - ငါးသောင်း၊ အို . . . ဒါ ငါမချီးမွမ်းသေးပါဘူးကွာ မင်းအဲဒါကြီးက မြမှာလားကွ မေးလိုက်တဲ့အခါကျတော့၊ ဒိဋ္ဌိ မပြုတ်သေးလို့ရှိရင် မင်းထက်ကြီးကျယ်တဲ့ **အသဒိသ** ဒါန အလှူကြီးမှ မရဘဲ (တင်ပါဘုရား) ဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။

ဒါနရှင်တောင် အဝီစိကျသွားသေးတော့ကို၊ ဒါ မဂ်က ကံကို ဖြတ်နိုင်သေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာဖြင့်၊ သွားရာဂတိ လားရာဂတိ မောင်ချစ်ဆွေ အစ်မတို့ မမြဲသေးဘူးဆိုတာ မှတ်ရမယ် (တင်ပါဘုရား)။

ဒါဖြင့် ဒီအတိုင်း သူများနဲ့ကိုယ်ချင်းမစာကြပါနဲ့၊ မြို့ထဲ ရွာထဲနေတဲ့သူတွေ မစာနဲ့ကွ၊ သူတို့လည်း ရောင်းတာ၊ ဒီလိုပဲ ဝယ်နေတာပဲ သူတို့အသက်တောင် ကြီးလှပြီ၊ ခုထက်ထိ နေကြ ထိုင်ကြတုန်းပဲ ခပ်ပျော်ပျော်ပဲ အစရှိသည်နဲ့၊ ဒါအတုခိုးဖို့ မလို ပါဘူး (တင်ပါဘုရား) အတုခိုးဖို့ မလိုပါဘူး။

## နက်ဖြန်ခွေးဖြစ်နိုင်တယ်

သူများ သိန်းတစ်ရာ ချမ်းသာလည်း ဒါ အတုခိုးဖို့ မလိုပါဘူး နက်ဖြန်ခွေးဖြစ်နိုင်တာ (တင်ပါဘုရား) မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်ဘုရား) အဲတော့ အခု မျက်စိတစ်ဆုံးလေးကို အစ်မတို့က မကြည့်ပါနဲ့ (တင်ပါ) မဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)။

ဒီမျက်စိတစ်ဆုံးဟာ အလကားပါ၊ အလကားပါတဲ့ . . အခုကားလေးစီးနိုင် စိန်လေး ရွှေလေးဝတ်နိုင်တယ် လောကကြီးထဲမှာတော်ပါပေတယ်လို့ အပြောခံရတယ်၊ ဟာ မသိတဲ့လူက တော်ပါပေတယ် ပြောနေတာ သူချီးမွမ်းတာ ငါနာတယ် အောက်မေ့ (တင်ပါဘုရား) သဘောပါရဲ့လား (ပါပါတယ်ဘုရား)။

## မသိတဲ့လူကချီးမွမ်းတာနာတယ်

မသိတဲ့လူက ချီးမွမ်းတာ ကိုယ်နာတယ် ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား) ဥပမာ မင်းတို့ အို . . . အလှူပေးလိုက်တာ စုံစုံညီညီ ရှိလိုက်တာ၊ သူကတော့ နိဗ္ဗာန်ပေါက်ပဲ၊ ဆရာကောင်းဘပည့်ပဲ၊ ဒါ မသိတဲ့လူက ချီးမွမ်းတာ (တင်ပါဘုရား)။

စိစစ်မင်္ဂလာသီလမြဲမှသာလျှင် လားရာကလည်း မြဲမှာ ကိုကွ (မှန်ပါဘုရား) နို့မဟုတ်ရင် (မမြဲပါဘူးဘုရား) မင်္ဂလ

မရှိသေးရင် (မမြဲပါဘုရား) အဲတော့ကို မဂ်သီလ မရှိသေးရင် ဘုရားလည်း ပြောင်းနိုင်သေးတယ်တဲ့၊ တရားလည်း ပြောင်းနိုင်သေးတယ်၊ သံဃာလည်း ပြောင်းနိုင်သေးတယ် (ပြောင်းနိုင်ပါတယ်ဘုရား)။

တခြားဘာသာကိုလည်း ကိုးကွယ်မယ်ဆိုရင် ကိုးကွယ်နိုင်သေးတယ် မဂ်သီလမရှိသေးရင် သဘောပါပလား . . . (သဘောပါပါပြီဘုရား)။

ဒါဖြင့် ဒါကို ပြောင်းနိုင်ပါတယ်ဆိုတာ ဒီမဂ်သီလ မရှိလို့ မဂ်သီလမရှိလို့ရှိရင် ဒါတွေဟာ ဒိဋ္ဌိဘက် လှည့်မသွားဘူးလား ကွာ (သွားပါတယ်ဘုရား) ဒိဋ္ဌိရှိလို့ရှိရင် ဒိဋ္ဌိဟာ ငရဲမျိုးစေ့ (တင်ပါဘုရား)။

## ကိုယ်မြဲမှကိုယ်နေရာကျမယ်

ဆိုတော့ ဩော် . . တို့ သူများနဲ့စာလို့တော့ မတော်ဘူး တို့ ဆရာဘုန်းကြီးပြောတာပဲ တစ်ထစ်ချမှတ်ပြီး သကာလ အတူထိုင်နေငြားသော်လည်း ကိုယ်မြဲမှ ကိုယ်နေရာကျကြမှာ ဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)။

မင်း ဘာပူစရာ ရှိတုံး၊ သူပြောလည်း မယုံနဲ့၊ ရှင်ဘာပူစရာရှိတုံး၊ အို ပူစရာမရှိတာချည်းပြောကြ (တင်ပါဘုရား) ဟုတ်ဘူးလား (မှန်ပါဘုရား) ဆရာသမားက အရှင်ဘုရား

ဘာပူစရာရှိတုံး၊ အိုမယ့်ဘူးတို့က၊ သူလည်း ရှိသေးတယ်၊ ဘာဖြစ်လို့တုံး မြဲအောင် လုပ်ရဦးမှာကိုကွ (တင်ပ့ါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

## ရိုက်တာထက်နာသေးတယ်

အဲဒီတော့ ဒီလောကီ ပြောတဲ့စကား မသိတဲ့လူ ချီးမွမ်းတာဟာ ရိုက်တာထက် နာသေးတယ်၊ အခု ဒီမြို့ထဲ ရွာထဲ ချီးမွမ်းထောပနာ အမျိုးမျိုး အဖုံဖုံ ဂုဏ်ပြုနေကြတာတွေဟာ လူမိုက်အားပေးတာကို တို့ကယူထားတာ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) လူမိုက်အားပေးတာ ဖြစ်နေတာ (တင်ပါဘုရား)။

ကိုယ်ကလည်း မသိလို့ ဒီဥစ္စာကိုယ့်ဟာကိုယ် သေချာပြီထင်နေတာ မသေချာသေးဘူး ကိုယ်က (မှန်ပါ့) အဲဒီမသေချာသေးတဲ့လူ ဟိုက အားပေးနေတာ (တင်ပါ့ဘုရား) ဆိုတော့ လူမိုက် အားပေးပဲ မကျပေဘူးလား (လူမိုက်အားပေးပဲကျပါတယ်ဘုရား) တင်းတိမ်နေရင်လေ (မှန်ပါ)။

မတင်းတိမ်သေးလို့ရှိရင်တော့ လူမိုက်အားပေးမကျပါဘူး၊ ဩော် . . . သူက မသိလို့ ပြောတာ၊ သူက လိုသေးတယ်၊ မဟုတ်ဘူး။ တချို့က ပြုံးပြီး လက်ခံတာ ရှိသေးတယ် (ရှိပါတယ်ဘုရား) အဲဒါ ဇစ်ဇစ်မြစ်မြစ်ပြောနေတဲ့ တရားပဲဆိုတာ

စိတ္တသူကြွယ်နဲ့ ထောက်ပြောနေတာကွ (တင်ပါဘုရား) ယုံကြည်ပလား (ယုံကြည်ပါပြီဘုရား)။

## ကိုယ့်ဟာကိုယ်သိရမယ်

ကဲ ဒါဖြင့် မင်း ဘာပူစရာရှိသတုံးလို့ မောင်ချစ်ဆွေက လောကွတ်ချော်လည်း အစ်မတို့ မယုံနဲ့ ကိုယ့်ဟာကိုယ်သိရမယ် (တင်ပါဘုရား) ရှင် ဘာပူစရာရှိသလဲ ရှင်လှူချင်သလိုလှူ ရှင်ပေးချင်သလိုပေး၊ ရှင်ကမ်းချင်သလိုကမ်း၊ ကျုပ်ဘာ ကန့်ကွက်စရာရှိတုံး ရှင့်အတွက် စိတ်ချရတာပဲ ဪ . . . သူလည်း မသိလို့ ပြောရှာတာပဲ၊ ငါ့မှာ ပူစရာ ရှိသေးတယ်လို့ပဲ ဆုံးဖြတ်ချထားရမယ် (တင်ပါဘုရား)။

ခုန မင်္ဂသီလမပြည့်သေးရင်လေ (တင်ပါဘုရား) ပြည့်လို့ရှိရင်လည်း ဘုန်းကြီးများက စိတ္တသူကြွယ်အတိုင်း ပြောတော့မှာပေါ့ (တင်ပါဘုရား) သဘောပါကြပလား (သဘောပါပါပြီဘုရား)။

## အရင်းထားပြီးပြောနေတဲ့စကား

ဒါဖြင့် ဒီနေ့ညပြောတဲ့ဥစ္စာ အရင်းထားပြီး ပြောနေတဲ့စကားဖြစ်လေသောကြောင့်၊ အများနဲ့ နှိုးနှောလို့ မရတဲ့စကားပါလား၊ အများစကား ယောင်စရာလည်း အကွက် မဟုတ်သေး

ပါလားဆိုတာ ပေါ်လာတယ် (ပေါ်ပါတယ်ဘုရား) မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)။

တော်တော် အရေးကြီးတယ် (အရေးကြီးပါတယ်ဘုရား) အဲတော့ စိတ္တသူကြွယ် သူဆုံးမတယ်၊ သူ့သားတွေ သမီးတွေ အကုန်ဆုံးမတယ်၊ ခုနင်က မှားပြီး သူတို့ ကန့်ကွက်ကြတယ်မဟုတ်လား၊ နောက်တော့ မဟုတ်ဘူးတဲ့ ငါနတ်တွေက ဒီလိုပြောလို့၊ ငါက ဒါတွေ အနိစ္စတွေ ဒါတွေ မမြဲဘူး ဒါတွေ ကျော်လွန်ပြီး ငါသွားမယ်လို့ ငါကပြောတာ၊ ငါ့မယ် သေချာပြီးသားဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ (တင်ပါဘုရား)။

## ဒီလေးခုပြည့်စုံရမယ်

ဒါဖြင့် ကျုပ်တို့ပြောပါဦးဆိုတော့

(၁) ဘုရားကို ဘယ်သူက ဘာဖျက်ဖျက်၊ မလှုပ်မရှားနဲ့ ယုံကြည်နိုင်တဲ့သဘော ရှိရမယ်။

(၂) တရားဂုဏ်တော် (၆) ပါးကို မလှုပ်မရှားဘဲနဲ့ယုံကြည်နိုင်တဲ့သတ္တိရှိရမယ်။ (တင်ပါဘုရား)။

(၃) သံဃာဂုဏ်တော်ကို မလှုပ်မရှားပဲနဲ့ အရိယာသံဃာကို ဆိုတာပါ (တင်ပါဘုရား) ယုံကြည်နိုင်တဲ့သဘော သတ္တိ ရှိရမယ် (တင်ပါဘုရား)။

(၄) ကိုယ်စားတဲ့သောက်တဲ့ဥစ္စာကို မဝေဖန်ဘဲနဲ့ မပေးမကမ်း

ဘဲနဲ့သူတော်ကောင်းကိုပေါ့ကွာ မစားဘူးဆိုတဲ့စိတ် မွေးရမယ်။

အဲ့ဒီလေးခု ပြည့်စုံလို့ရှိရင် နင်တို့ ငါပြောသလို ပြောနိုင်တယ် (တင်ပါဘုရား)။

လေးချက်ကွ ဒါက (၁) ဘုရားကို နှစ်နှစ်သက်သက် ယုံကြည်မှု (တင်ပါ) (၂) တရားကို (နှစ်နှစ်သက်သက် ယုံကြည်မှုပါဘုရား) (၃) သံဃာကို (နှစ်နှစ်သက်သက် ယုံကြည်မှုပါဘုရား) (၄) ကိုယ်စားသောက်နေတဲ့ ဝတ္ထုပစ္စည်းကို သူတော်ကောင်းနဲ့ ဝေငှပြီးသကာလ ဘယ်သောအခါမဆို စားမယ်ဟဲ့ ဆိုတဲ့စိတ်ဟာ ထားရမယ် (တင်ပါဘုရား)။

## သောတာပန်တည်မှုဖြစ်တာ

ဒီလေးခုနဲ့ ပြည့်စုံရင်ရမယ်၊ ဒါမှသာလျှင် ငါအခုပြောသလို လိုချင်တဲ့ခရီးကို မှန်းခြေပေါက် ဖြစ်နိုင်တယ်ဆိုတော့ သောတာပန်တည်မှု ဖြစ်တာ (တင်ပါဘုရား) သောတာပန်သကဒါဂါမ်၊ အနာဂါမ်ပေါ့ကွာ (တင်ပါဘုရား) အောက်ဆုံးပြောလိုက်တော့ အထက်ပါသွားရောပေါ့ (တင်ပါဘုရား)။

ဒါဖြင့် ဒါ ဘယ်သူဟောတာတုံးလို့ မေးတော့မှ သေခါနီးမှာ အနာဂါမ်တည်ပြီးသား စိတ္တသူကြွယ်က ဟောနေတာ ဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)။

အဲတော့ ဒီစိတ္တသူကြွယ်က ဟောနေတော့မှ အစ်မတို့က ဩော် . . . ပြီးပြီးသား ပုဂ္ဂိုလ်က ပြောတဲ့စကားပါလား မှန်းဆ ပြောတဲ့စကားမဟုတ်ဘူး၊ ဟုတ်ဘူးလား (တင်ပါဘုရား) တိုက်ရိုက်ကို မှန်တဲ့အကြောင်းကို သူပြောတာ (တင်ပါဘုရား)။

သူ့ကိုယ်ပဲ နတ်တွေက လာပြောနေတော့ အဖြေ ထုတ်ပြီး ပြောနေတာ (မှန်ပါဘုရား) အဲတော့ အခု ဒီနေ့ည မှတ်စရာက ဘုရားကို မတုန်မလှုပ်နိုင်အောင်၊ တရားကို ဘယ်သူက ဖျက်ဖျက် မတုန်မလှုပ် ယုံကြည်နိုင်အောင်၊ သံဃာကို (မတုန်မလှုပ် ယုံကြည်ရမယ်ဘုရား) ကိုယ်စားသောက်နေတဲ့ ဝတ္ထုပစ္စည်းကို သူတော်ကောင်းနဲ့ ခွဲဝေပြီးသကာလမှ စားမယ် ဆိုတဲ့စိတ်ကို ဘယ်ဟာစားစား အမြဲရှိမယ် (တင်ပါဘုရား)။

## နတ်တွေထက်ပိုမြင်မယ်

ဒီလေးခုရှိလို့ရှိရင်ဖြင့် သင်တို့သည်ကားဆိုရင်ဖြင့်တဲ့ စိတ္တသူကြွယ်က သူ့သားတွေ သမီးတွေ လူမမာပြုတွေကို ပေါ့ကွာ (တင်ပါဘုရား) ဒီအလုပ်လေးခုကို နင်တို့ ပိုင်ပိုင်နိုင်နိုင် လုပ်မိလို့ရှိရင် အခုပြောသလိုပဲတဲ့၊ ငါက နတ်တွေမြင်တာထက် ပိုမြင်တယ် နတ်တွေက စကြဝဠာလောက် ဆုံးနေတာကို (မှန်ပါဘုရား)။

ဒါတွေ ငါကျော်သွားမယ်တဲ့ ဒါတွေ အနိစ္စတွေ၊ ဒါတွေ

ဒုက္ခတွေ မမြဲတာတွေတဲ့၊ ဒါတွေကျော်ပြီး ငါနိဗ္ဗာန်သွားမှာ (တင်ပါဘုရား) သင်တို့ပြောတာကို ငါမလိုချင်ဘူး ဆိုတော့ သူက အထက်တန်းမကျဘူးလား (ကျပါတယ်ဘုရား)။

အဲတော့ သူအထက်တန်းကျတာကို ဆရာဘုန်းကြီးက ဖြည့်စွက်ပြီး သေချာပြောတော့မှ မောင်ချစ်ဆွေ သောတာပန် တည်လို့ ဒီစကားလေးလုံးထွက်လာတာ (မှန်ပါဘုရား) သောတာ ပန်တည်မှ သာလျှင် ဒီလေးခုကလည်း အမှန်ဖြစ်တယ် (တင်ပါ ဘုရား)။

သောတာပန်မတည်သေးလို့ရှိရင်ဖြင့်တဲ့ ဒီလေးခုဟာ မတည်သေးပါဘူးဘုရား၊ ပြောင်းနိုင်သေးတယ်၊ တရားရော (ပြောင်းနိုင်ပါတယ်ဘုရား)၊ သံဃာရော (ပြောင်းနိုင်ပါတယ် ဘုရား) အစ်မတို့ရွှေတင်ပဲ တော်ကြာဟိုပြောင်းသွား ဒီပြောင်း သွားလိုက် (တင်ပါဘုရား)။

## ဒိဋ္ဌိမပြုတ်လို့

ဒါတွေဘာတုံးဆိုတော့မှ ခုနက ပြောခဲ့တဲ့ ဒိဋ္ဌိမပြုတ်တာ (တင်ပါဘုရား) ဒိဋ္ဌိမပြုတ်တော့ အင်း နတ်ကိုးကွယ်တာ ချမ်းသာ ထင်ပါရဲ့ သွားပြီ ဟုတ်လား (မှန်ပါတယ်ဘုရား) ဒိဋ္ဌိမပြုတ်လို့ ရှိရင် သစ်ပင်ကိုးကွယ်တာကအစ လာလိမ့်မယ်နော် (မှန်ပါတယ် ဘုရား) မလာပေဘူးလား (လာပါတယ်ဘုရား)။

ဒီအပင်မီးထွန်းမှုပဲ ချမ်းသာသလိုလို မလာပေဘူးလား (လာပါတယ်ဘုရား) အဲဒါ ဘာတုံးလို့ မေးတဲ့အခါ ဒိဋ္ဌိမပြုတ်လို့ ပြားထွက်သွားတာ၊ ပြားထွက်သွားတယ်ဆိုတာ စာလိုသုံးတာပါ မြန်မာလိုတော့ဖြင့် အယူပြောင်းသွားတာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် နာမည် ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ မင်းတို့က မကျေနပ်ဘဲနဲ့ (၁) ဘုရားဂုဏ်ကို ယုံကြည်နိုင်မှုလည်း ဗုဒ္ဓဘာသာအစစ် (၂) တရားဂုဏ်တော် မတုန်မလှုပ် ယုံကြည်မှု (ဗုဒ္ဓဘာသာအစစ်ပါဘုရား) (၃) သံဃာဂုဏ်တော်ကို (မတုန်မလှုပ် ယုံကြည်မှု ဗုဒ္ဓဘာသာအစစ်ပါဘုရား) သံဃာဂုဏ်တော်ကိုးပါးရှိတယ်နော် (တင်ပါဘုရား) (၄) စားတဲ့သောက်တဲ့နေရာဌာနမှာလည်း ကိုယ်ချည်း မစားဘူး၊ သူတော်ကောင်းနဲ့ ဝေဖန်ပြီးသကာလ စားမယ်ဆိုတဲ့ စိတ်ဟာ ခဏခဏ ပေါ်တယ် (တင်ပါဘုရား)။

## သောတာပန်တည်အောင်လုပ်ပါ

အဲဒီလို လေးချက်နဲ့ ညီလို့ရှိရင်တဲ့ သင်တို့ ဒီညီအောင်လေးပဲ ဆိုတော့ သူ့ဟာက ဘာမှမဟုတ်ဘူး အစ်မ၊ သောတာပန် တည်အောင်လုပ်လို့ပြောတာ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား) ဘာတဲ့တုံး (သောတာပန်တည်အောင်လုပ်ပါဘုရား) အဲ

သောတာပန် တည်အောင်လုပ်လို့ပြောတာ (မှန်ပါဘုရား)။

သောတာပန်တည်မှ ဒီလေးခုက မြဲမှာကိုကွ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အဲဒီလိုပြောပြီးတော့မှ သူ စုတေစိတ်ကျသွားတယ် (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် ဩော် တို့သည်ကားလို့ဆိုရင်ဖြင့် အခုအချိန်မှာဖြင့်၊ သင်တုံးခါးပေါ်မှာ တင်ထားတဲ့ မုန်ညင်းစေ့ကလေးလို နှမ်းစေ့ကလေးလို သင်တုံးအဖျားလေးပေါ် တင်ထားတဲ့ မုန်ညင်းစေ့၊ နှမ်းစေ့လေးလို ဟုတ်ဘူးလား၊ တောင်လေလာ မြောက်ဘက်ကျမယ်၊ မြောက်လေလာ တောင်ဘက်ကျမှာပဲ (တင်ပါဘုရား)။

နဂိုကတဲတဲကိုကွ (မှန်ပါဘုရား) အဲတော့ ခု သောတာပန် မတည်သေးလို့ရှိရင် တဲတဲချည်း မှတ်ရမယ်၊ အထက်လည်း တက်နိုင်တယ် အောက်လည်း (ကျနိုင်ပါတယ်ဘုရား) သင်တုံးဖားသွားပေါ်မှာ တင်တဲ့ မုန်ညင်းစေ့လေကွာ (မှန်ပါတယ် ဘုရား) မြဲသလား (မမြဲပါဘူးဘုရား) မမြဲဘူးတဲ့။

## ကျောက်တိုင်ဖြစ်အောင် ပြောင်းပါ

ဒါကြောင့်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ မင်းတို့ကွာ ဝါဂွမ်းအဖြစ် ဇာတ်သိမ်းပြီးသကာလ ကျောက်တိုင်အဖြစ်

ပြောင်းပါလို့ သစ္စာသံယုတ်မှာ တစ်ခါလာပြန်တယ် (တင်ပါဘုရား) ဝါဂွမ်းအဖြစ်ကို (ပြောင်းရမယ်ဘုရား) ပြောင်းရမယ် တောင်လေလာမြောက်လွင့်တာကို၊ မြောက်လေလာတောင်၊ အဲဒါ ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ကွ (မှန်ပါဘုရား)။

ကျောက်တိုင်ဖြစ်သွားတော့ မြေကြီးထဲလည်း တစ်ယူဇနာ၊ အပေါ်ကလည်း တစ်ယူဇနာဆိုတော့ ဘယ်လိုပဲ တိုက်တိုက် လှုပ်သေးရဲ့လား (မလှုပ်ပါဘုရား) အဲဒါက သောတာပန်တည်ပြီးသားပုဂ္ဂိုလ်မှ မလှုပ်တာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ မင်းတို့သည် အခုနာချိန်မှာ လှုပ်နေသေးတယ် ဟုတ်ဘူးလား (တင်ပါဘုရား) ငါမလှုပ်တဲ့နည်းသာလိုက်တော့ မယ် (တင်ပါဘုရား) ဘယ်သူက ချီးမွမ်းတာကို၊တို့အတည်ပြုဖို့ မလိုဘူး၊ အခုပြောတဲ့ လေးချက်က သောတာပန်တည်မှ မြဲသတဲ့ မြဲမှလည်း သေချာသတဲ့ဆိုတာ စိတ္တသူကြွယ်က သေချာပေါ ပစ်ခဲ့တာ (တင်ပါဘုရား)။

## ပြောပေးမယ့်လူရှိတုန်း လုပ်ထားကြပါ

အဲဒါကြောင့် ဒီနေ့ည တရားမှာ ကိုယ့်အတွက် စိတ်ချရအောင်၊ အင်း . . ဒါပြောပေးမယ့်လူ ရှိတုန်း၊ လုပ်နည်းကိုင်နည်းကလည်း မှန်တုန်း (တင်ပါဘုရား) ဒီအချိန်သာ ရှိတာ

နော်၊ နောက်တကယ်အိုသွားမယ်၊ တကယ်နာသွားမယ်၊ တကယ်တိုင်းပြည်ပျက်သွားတော့မယ်ဆိုတော့ အစ်မ ပြောချိန်မရဘူး အားထုတ်ချိန်ကော (မရပါဘူးဘုရား)။

အဲဒါ ဒီအခိပ္ပာယ်လည်း ပျောက်ထွက်သွားမှာပဲ (တင်ပါဘုရား) ကိုယ်ပြေးတာကို ဟိုလက်ဆွဲ၊ ဒီလက်ဆွဲ၊ ပြေးချင်သလိုပြေး၊ သွားချင်သလိုသွားနဲ့ မတတ်နိုင်ဘူး၊ အသက်ဘေးပဲ ဝေးဝေးရှောင်ရမှာပဲ ဒီပြင်ဟာတွေ ချိပ်ထားရဦးမယ် (တင်ပါဘုရား) လာမယ် (လာမှာပါဘုရား)။

## အခုအချိန်အကောင်းဆုံး

အဲတော့ အခုအချိန် အကောင်းဆုံး မြဲအောင်လုပ်ထားဖို့ (တင်ပါဘုရား) အခုအချိန် အကောင်းဆုံး မြဲအောင်လုပ်ထားဖို့ဆိုတာ **အဗ္ဗေဝ သုဝေဝ**နဲ့လည်း မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် မင်းတို့သည် ငါတို့နေတဲ့ အချိန်တွေဟာ ဘယ်အချိန်မဆို တွေးလိုက်၊ အင်း . . . ဆောက်သွားပေါ် တင်ထားတဲ့ မုန်ညင်းစေ့၊ ဟန်သေးပါဘူး၊ တောင်ဘက်လည်း ကျနိုင်တယ်၊ မြောက်ဘက်လည်း (ကျနိုင်ပါတယ်ဘုရား) ကျောက်တိုင်ကြီးကဲ့သို့ မြဲမြဲစွဲစွဲလည်း မဖြစ်သေးပါဘူး (မဖြစ်သေးပါဘူးဘုရား)။

## ဒိဋ္ဌိပြုတ်မှ အားကိုးရာအစစ်

ငါတို့ လုပ်ထားတာတွေက ဘယ်ဟာအားကိုးရမှာတုံး ဆိုတော့၊ ဘယ်ဟာမှ အစစ်ကြီးလို အားကိုးစရာ မရှိသေးဘူး (တင်ပါဘုရား) ဒိဋ္ဌိပြုတ်မှပဲ အစစ်အားကိုးစရာ ရှိတော့တယ် (တင်ပါဘုရား) ဒါကို သေချာမှတ်ရမယ် ရှင်းပလား (ရှင်းပါပြီ ဘုရား)။

**ကဲ ယနေ့ ဒီတွင် တော်ပါဦး**

**သာဓု . . . သာဓု . . . သာဓု။**

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူအပ်သော တရားတော်

# ပြောပေးမည့်လူရှိတုန်း

## လုပ်ထားကြပါ (၂)

## (စိတ္တသူကြွယ်)

ဟောကြားသည့်နေ့ (၂၉-၃-၁၉၆၂)

ဒီနေ့လည်း စိတ္တသူကြွယ်ပဲ ဟောမယ်တဲ့၊ စိတ္တသူကြွယ် ဆိုတာ စိတ္တက ဆန်းကျယ်တာ၊ သူကြွယ်ကတော့ ချမ်းသာလို့ အဲ့ဒီသူသည် သူ့ရဲ့ ငယ်သူငယ်ချင်း တစ်ယောက်ဆီကို၊ ငယ်သူငယ်ချင်းတစ်ယောက်က ဘာဖြစ်နေတုံးဆိုတော့၊ သူက တိတ္ထိဘက်က ရဟန်းဖြစ်နေတယ်။

## အစေလကဿပ

အစေလကဿပ အဝတ်မရှိဘူး (တင်ပါဘုရား) ဆွမ်းခံစား၊ ဒီလိုပဲ ဆွမ်းခံစားနေတော့ အစေလကဿပက စိတ္တသူကြွယ်တို့ နေတဲ့နေရာရောက်လာတယ်။

ရောက်လာတဲ့အခါကျတော့ စိတ္တသူကြွယ်က ငယ်သူငယ်ချင်း ဖြစ်နေတော့ သွားမေးဦးမှပါပဲလေဆိုပြီး သွားမေးလိုက်တယ်၊ အရှင်ဘုရား ဘယ်က ကြွလာတာတုံး၊ ငါဒီလို ဒီလိုပဲ ဟိုကပဲ ကြွလာခဲ့တယ်။

အခု ဒီအစေလ ကဿပ လုပ်နေတာ ရဟန်းဘောင်ရောက်နေတာ သူတို့တွေက ရဟန်းပေါ့ကွာ (တင်ပါဘုရား) နှစ်ပေါင်း ဘယ်လောက်ရှိပြီလဲလို့၊ သုံးဆယ်ရှိပြီ အစေလကဿပက ပြောလိုက်တယ် (တင်ပါဘုရား)။

## လူတို့၏တရားထက် မြတ်တဲ့တရား

နှစ်ပေါင်းသုံးဆယ်ရှိတော့ အရှင်ဘုရား **ဥတ္တရိမနုဿဓမ္မ** ဆိုတဲ့ တရားများရပလား၊ **ဥတ္တရိတ**-က အလွန်၊ မနုဿ-က လူ၊ **ဓမ္မ**-က တရား၊ လူတို့သိနေတဲ့တရားထက်၊ လူတို့ကျင့်နေတဲ့ တရားထက်၊ ထူးမြတ်တဲ့တရားများ ရပလား (တင်ပါ့)။

လူတို့၏ ကျင့်နေတဲ့ တရားမှတစ်ပါး သူ့ထက် အထက်တန်းကျတဲ့ အရိယာတရားဆိုတာပဲ၊ အဲဒီတရားများ အရှင်ဘုရား

ရပလားလို့ မေးတော့၊ ငါကွာ မင်းပြောတာလည်း နားမလည် ပါဘူးတဲ့၊ ငါဆွမ်းခံစားတယ်ကွာ ဒါဘဲရှိတာပဲတဲ့။ နေ့တိုင်း ဒီအဝတ် ဝတ်ပြီး ဒီလိုပဲ နေတာပဲတဲ့။

ဟာ ဒါဖြင့် အရှင်ဘုရား ဟုတ်သေးပါဘူးတဲ့၊ အငိုပွဲပဲ ရှိပါသေးတယ်လို့ ပြောလိုက်တယ်၊ ဒါနဲ့ သူက ပြန်မေးတယ်၊ စိတ္တသူကြွယ်ကော ဂေါတမဘုရားရှင်ဆီမှာ နေတာ၊ ဆရာ ဒကာ ဖြစ်နေတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ၊ သုံးဆယ် ရှိပြီ တပည့်တော်။

နို့ ခုနင်က စကားမေးတဲ့အတိုင်း လူတို့၏ ကျင့်ကြံတဲ့ တရားထက် မွန်မြတ်သောတရားရပလား၊ ဟာ-တပည့်တော် ရပါပြီ (တင်ပါဘုရား) ဒါ လိုရင်းပဲ မှတ်ရမယ် (မှန်ပါဘုရား)။

## လူတို့၏ ကျင့်ကြံတဲ့တရား

လူတို့၏ ကျင့်ကြံတဲ့ တရားကို ရှင်းပြမယ်၊ လူတို့၏ ကျင့်ကြံတဲ့တရားက **ပါဏာတိပါတာ** ကြဉ်ရှောင်မယ်၊ **အဒိန္နာ ဒါနာ** ကြဉ်ရှောင်မယ်၊ **ကာမေသုမိစ္ဆာစာရာ** ကြဉ်ရှောင်မယ်၊ ဒါသုံးပါး ဒါလူတို့၏ ကျင့်တဲ့တရားပဲ ရှိသေးတယ် (မှန်ပါဘုရား)။

**မုသာဝါဒါ**-မုသားပြောခြင်း ကြဉ်ရှောင်မယ်၊ **ပိသုဏာ ဝါစာ**-ကုန်းတိုက်ပြောခြင်း ကြဉ်ရှောင်မယ်၊ **ဖရုသာဝါစာ** - ကြမ်းကြမ်းတမ်းတမ်း သူတစ်ပါးကို စိတ်ထိခိုက်အောင် ပြောတဲ့

စကားမျိုး ကြဉ်ရှောင်မယ်၊ **သမ္ပပ္ပလာပဝါစာ** - သူတပါးအကျိုး ပျက်စေတတ်တဲ့ ရယ်ရယ်မောမောနဲ့ အကျင့်ပျက်အောင် ပြောတဲ့စကားတွေလည်း ရှိသေးတယ်။

အဲ့ဒီ ဝစီကံလေးပါးဟာလည်း လူတို့၏ ကျင့်ရမယ့် တရားပဲနော် (မှန်လှပါ) ကာယကံက သုံးပါး၊ ဝစီကံ က လေးပါး (တင်ပါ) မနောကံကတဲ့ သမ္မာဒိဋ္ဌိ (တင်ပါဘုရား)။

သမ္မာဒိဋ္ဌိဆိုတာ ကံကံ၏အကျိုး ယုံကြည်တာပဲ ရှိသေး တယ် (တင်ပါဘုရား) တစ်အိမ်လုံး ကုသိုလ်ရတယ်၊ ဒါလောက်ပဲ ရှိသေးတော့ ကာယကံသုံးပါး၊ ဝစီကံ လေးပါး မနောကံက **အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ** - သူပြုပုံကို သူများ ချမ်းသာတာကို ကိုယ်လိုချင်တဲ့ သဘောမရှိရအောင် နေနိုင်လို့ ရှိရင်၊ ဒါ လူ့သီလမှ လုံနေတာပဲနော် (တင်ပါဘုရား)။

## လူ့ကျင့်ဝတ် (၁၀) ပါး

ဗျာပါဒ-သူတစ်ပါး နှိပ်စက်ချင်တဲ့ သဘောမျိုးမလာလို့ ရှိရင် ဒါ လူ့သီလ လုံနေတာပဲ၊ မိစ္ဆာဒိဋ္ဌိ မယူပဲနဲ့ ကမ္မဿကတ သမ္မာ ဒိဋ္ဌိက ယူလို့ရှိရင်လည်း ဒါကျင့်ဝတ် ဆယ်ပါး (တင်ပါ ဘုရား) လူ့ကျင့်ဝတ်ဆယ်ပါး (တင်ပါဘုရား)။

**ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ** ကာယကံ သုံး၊ ဝစီကံ က (လေးပါဘုရား) မနောကံက သုံး၊

အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဲဒါလူတို့၏ ကျင့်တဲ့တရား (တင်ပါဘုရား) ရှင်းပြီနော် (မှန်လှပါဘုရား)။

ကာယကံ (၃) ဝစီကံ (၄) မနောကံ (၃) (မှန်ပါ) အဲဒါလူတို့၏ ကုသလကမ္မ ပထတရား (၁၀)ပါးဆိုတာ ဒါပဲ (တင်ပါဘုရား) လူတို့၏ ကုသလ-ဆိုတာ ကုသိုလ်၊ ကမ္မ-က ကံပေါ့ကွာ၊ ပထ-က အကြောင်း၊ တရား-က တရားပေါ့။ လူတို့၏ ကုသလကမ္မပထတရား ဆယ်ပါးဆိုတာ မှတ်ထားလိုက်ပါ (မှန်ပါ့ဘုရား)။

## သုဂတိသွားလမ်းပဲ ရှိသေးတယ်

အဲဒီ့တရားထက် လွန်တဲ့တရားမှ ပိုမြတ်တာ (မှန်ပါဘုရား) ဒါက လူဖြစ်ခဲ့လို့ရှိရင် ဒါလောက်ကို လုံခြုံနေလို့ ရှိရင် သောတာပန်စခန်းနဲ့ ဘာမှ မဆိုင်သေးဘူး၊ သုဂတိသွားလမ်းလောက်ပဲ ရှိသေးတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ အစ်မ. . . တို့က ကြားဖူးလိမ့်မယ်၊ ကျုပ်တို့ တရားနာဖို့လည်း မလိုပါဘူး တရားအားထုတ်ဖို့လည်း မလိုပါဘူး ကျုပ်တို့ ဘာမှ လုပ်တာမှ မလုပ်ဘဲ-ပဲ (တင်ပါဘုရား)။

## ဒါကျော်မြင်မှ သောတာပန်

သူ ဘာကို ရည်ညွှန်းပြီး ပြောပါလိမ့်မတုံး မေးတော့မှ လူတို့ ကျင့်ဝတ် ဆယ်ပါး လုံတယ်လို့ ပြောတာ (တင်ပါဘုရား) အဲဒါနဲ့ မောင်ချစ်ဆွေက မှတ်ဖို့ရာက ဒါကျော်မြင်မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်မှာ (မှန်လှပါဘုရား) ဒီ (၁၀) ပါး ကျော်လွန်မှ (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်မှာပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါက လူတို့၏ ကျင့်ဝတ်၊ ကျင့်စဉ်ပဲ ရှိသေးတယ်တဲ့၊ အဲဒီတရားထက်လွန်တဲ့တရားကမှ **အဓိသီလ**တို့၊ **အဓိစိတ္တ** တို့၊ **အဓိပညာ** တို့ဆိုတာ အဓိဆိုတာနဲ့ လာတာကိုကွ နော် (တင်ပါဘုရား)။

သူကတော့ သီလ၊ သမာဓိ၊ ပညာရိုးရိုးပဲ ရှိသေးတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အဓိမပါဘူး (တင်ပါဘုရား) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ မပါဘူး၊ သူကတော့ သီလ၊ သမာဓိပညာ၊ ဒါပဲ ရှိတယ် (တင်ပါဘုရား)။

သီလ။ သမာဓိ၊ ပညာလောက်နဲ့ ဆိုလို့ရှိရင်ဖြင့်တဲ့ လူတို့ ကုသလ ကမ္မပထ တရား(၁၀)ပါးထဲကပဲ ရှိသေးတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အဲတော့ စိတ္တသူကြွယ်က အရှင်ဘုရား အစေလကဿပ, လူတို့၏ ကုသလ ကမ္မပထတရား

(၁၀) ပါးထက် လွန်မြောက်တဲ့ အဓိကဖြစ်တဲ့ တရားများ ရပလား ဆိုတော့၊ ကြားကို မကြားဖူးဘူး (မှန်ပါဘုရား)။

ခုနက အစ်မတို့ဈေးထဲမှာ မေးတဲ့ပုဂ္ဂိုလ်တွေလည်း မကြားဖူးလို့ မေးတာပဲ၊ တို့တရားနာဖို့ မလိုပါဘူးကွာ၊ တို့ဘာမှ မကောင်းတာမှ မလုပ်ဘဲပဲ (မှန်ပါဘုရား) ဒီလိုလူတွေလည်း တွေ့ဖူးမှာပဲ (တွေ့ဖူးပါတယ်ဘုရား) အဲဒါ ကုသလ ကမ္မပထ တရား (၁၀)ပါးနဲ့ သူကျေနပ်နေတာ (တင်ပါဘုရား)။

## သူ့ထက်ကြီးကျယ်တဲ့တရားရှိတယ်

သူ့ထက် ကြီးကျယ်တဲ့တရား ရှိမှန်းမသိဘူး (မှန်ပါ့ဘုရား) သိပ်ကြောက်စရာ ကောင်းပါလား (ကြောက်စရာ ကောင်းပါတယ်ဘုရား) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဆိုတာ ရှိသေးတယ် (မှန်ပါ)။

သီလ၊ သမာဓိ၊ ပညာက အခုပြောခဲ့တဲ့ ဒကာဒကာမ တွေ လူတို့၏ ကျင့်ဝတ်ရှိသေးတယ်နော် (တင်ပါဘုရား) အဓိ သီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတာကတော့ ခုနက အလုပ် လုပ်မှ ရမယ့် သီလ (တင်ပါဘုရား) အလုပ်လုပ်မှ ရမယ့် သမာဓိ၊ အလုပ်လုပ်မှ ရမယ့် ပညာကတော့ **အဓိ** ပါလာတယ်၊ (တင်ပါ ဘုရား)။

ဒါဖြင့် သီလ၊ သမာဓိ၊ ပညာက တစ်မျိုး (တင်ပါဘုရား)

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကတစ်မျိုး၊ ဘယ်နှစ်မျိုးရှိပြီတုံး (နှစ်မျိုးပါဘုရား) နှစ်မျိုး မခြားဘူးလား (ခြားပါတယ်ဘုရား) ခြားနားသွားပြီတဲ့။

အဲတော့ စိတ္တသူကြွယ်က မေးလိုက်တာက ဒို့ထက် လူတို့၏ ခုနက သီလ၊ သမာဓိ၊ ပညာ ထက် လွန်တဲ့တရားများ အရှင်ဘုရား အစေလကဿပ ရပလား၊ မရသေးပါဘူး။

## ဘာမှအသုံးမကျသေးပါလား

ဪ . . . အရှင်ဘုရား ဒါဖြင့် နှစ်တွေသာ ကုန်တယ် ဘာမှ အသုံးမကျသေးပါလား (တင်ပါဘုရား) ဆိုတော့ ဒို့ဒကာ၊ ဒကာမတွေက တွေးရမယ်၊ ဪ ဒို့လည်း ဒီအလုပ်လုပ်တဲ့ နည်းကို ပြပေးမယ့် ဆရာနဲ့ မတွေ့လို့ရှိရင်ဖြင့် နှစ်ပေါင်းဘယ် လောက်ပဲ အသက်ရှည်နေနေ ခုနက အစေလကဿပလိုပဲ နေမှာပဲ။

စားသောက်၊ ရောင်းဝယ် ဖောက်ကားပြီး ဒီအတိုင်း နေမှာပဲ (တင်ပါဘုရား) သာမည သီလ၊ သမာဓိ၊ ပညာနဲ့ နေမှာ ပေါ့ကွာ၊ အဲဒါက တရား ပုံမှန်ပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

သာမည လူတို့၏ ကျင့်ဝတ် ကာယကံ (၃) ဝစီကံ (၄) မနောကံ (၃) ပါးလောက် လုံရုံနဲ့တော့ မောင်ချစ်ဆွေ အပါယ်

လေးပါး တံခါးမပိတ်ပါဘူး၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## လိုတာကို လိုမှန်းမသိတဲ့ပုဂ္ဂိုလ်

ဒါဖြင့် ဩော် လောကကြီးထဲမှာ လိုတာ လိုမှန်းသိတဲ့ လူလည်း အရှားသားပဲ (ရှားပါတယ်ဘုရား) ဆိုရပေဘူးလား (ဆိုရပါတယ်ဘုရား) လောကကြီးထဲမှာ လိုတာ လိုမှန်းသိတဲ့ ပုဂ္ဂိုလ်လည်း အရှားသားပဲ၊ အစ်မလိုတာ လိုမှန်းမသိတဲ့ ပုဂ္ဂိုလ်ဟာ အတော်ခက်တယ် (တင်ပါဘုရား)။

ဆုံးဖြတ်ချက် မချရပေဘူးလား (ချရပါတယ်ဘုရား) ဘာ့ကြောင့်တုံးဆိုတော့ အပါယ်လေးပါးမှ စိတ်မချသေးရတဲ့ အလုပ်ကို ကိုယ်က စိတ်ချရတဲ့ အလုပ်မှတ်ပြီးနေတော့ လိုတာ လိုမှန်းမသိလို့ပေါ့ (တင်ပါဘုရား)။

မောင်ချစ်ဆွေ (မှန်ပါတယ်ဘုရား လိုတာလိုမှန်းမသိလို့ပါဘုရား) အပါယ်လေးပါး စိတ်မချရတဲ့ ကုသလ ကမ္မပထတရား (၁၀)ပါးကို သူအားကိုးနေမယ်ဆိုလို့ရှိရင်ဖြင့် အပါယ်လေးပါး စိတ်ချရရဲ့လား (စိတ်မချရပါဘူးဘုရား) အဲ့ဒီတရားတော် လွန်မြောက်တဲ့ တရားမှ စိတ်ချရတာ (တင်ပါ့ဘုရား)။

ဒါဖြင့် တရားဟာ ဒီနေ့ည စိတ္တသူကြွယ် မေးလို့ ဆရာသမားက ရှင်းပေးနေတာဟာ၊ ဩော် တရားပေမယ့် နှစ်မျိုးရှိ

သကိုး၊ (မှန်ပါဘုရား နှစ်မျိုးရှိပါတယ်ဘုရား) ဟုတ်ဘူးလား (မှန်ပါဘုရား)။

လူ့ကျင့်ဝတ်ရှိတဲ့တရား လူ့ကျင့်ဝတ်ဖြစ်တဲ့တရားက (၁၀) ပါး တစ်မျိုးနော် (မှန်ပါဘုရား) လူ့ကျင့်ဝတ်ကို လွန်ပြီး အပါယ်လေးပါးတံခါးကို ဘယ်အခါ ကာလမှ မပွင့်ဘဲနဲ့ ပိတ်နေတဲ့ (၁၀) ပါးက တစ်မျိုးရှိတယ်ကွ (တင်ပါဘုရား) ဒါက ဘာတဲ့ဆိုတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ (မှန်ပါဘုရား)။

## အဘိုး၊ အဘွားတွေသိမသွားရှာဘူး

ဆိုတော့ ဩော် . . . တို့အမေတွေ တို့အဖေတွေ တို့အဘိုးတွေတို့အဘွားတွေ သေသွားရှာကြပြီ၊ တရား နှစ်မျိုးရှိကြောင်း သိမသွားရှာဘူး၊ ဒို့ဒါဆိုဘာလိုသေးတုံးတဲ့ လူတို့၏ ကျင့်ဝတ်တွေ ကုန်နေပေါ့ပဲ၊ ဒီထက် အထက်တန်းရှိတဲ့ တရားတွေ မျှော်လို့လည်း မကြည့်ဘူး၊ မှန်းလို့လည်း မရဘူး၊ မောင်ချစ်ဆွေ နာသွားတယ် (နာပါတယ် ဘုရား) သဘောပါပလား (သဘောပါပါတယ်ဘုရား)။

ရှိသေးတယ်ကွတဲ့ ဘုရားက စိတ္တသူကြွယ်က ရိပ်စားမိတယ်၊ ဒီတရားပဲ ဟောလာပါတယ်တဲ့၊ လူတို့၏ ကုသလ ကမ္မပထတရား (၁၀)ပါးထက် လွန်မြောက်တဲ့တရား အရှင်ဘုရား

ရပလား ဆိုတာ မေးတာပဲ၊ ဒါဖြင့် တရားနှစ်မျိုးရှိတာ ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)။

## အပါယ်တံခါးပိတ်တဲ့ကံသုံးမျိုး

ပေါ်လာပါတယ်တဲ့ အဲဒါ ဘာတုံးလို့ မေးတဲ့အခါကျတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတဲ့ ခုနက ကာယကံ (၃) ပါးက တစ်မျိုး၊ လူတို့ ကျင့်ဝတ် ကာယကံ သုံးပါးက တစ်မျိုး၊ ဟုတ်လား (တင်ပါဘုရား) ကုသိုလ်ရရုံတင် ကာယကံ သုံးပါး တစ်မျိုး၊ အပါယ်တံခါးပိတ်တဲ့ ကာယကံသုံးပါး တစ်မျိုး (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကုသိုလ် ရရုံတင်ဖြစ်တဲ့ ဝစီကံ လေးပါးတစ်မျိုး၊ အပါယ်လေးပါး ပိတ်တဲ့ ဝစီကံ လေးပါးတစ်မျိုး (တင်ပါ့ဘုရား)။ ဒါခွဲရတော့မယ် (ခွဲရမှာပါဘုရား) ကုသိုလ်ရရုံဖြစ်တဲ့၊ လူတို့၏ ကျင့်ဝတ်ပြည့်စုံရုံလေးဖြစ်တဲ့ မနောကံက သုံးပါးတစ်မျိုး၊ အပါယ်လေးပါး တံခါးပိတ်တဲ့ မနောကံ သုံးပါးတစ်မျိုး ဆိုတော့ နှစ်ခု ဖြစ်နေတာပေါ့ (ဖြစ်နေပါတယ်ဘုရား)။

## ထိုးထွင်းသိရမယ့်တရား

ဒါဖြင့် တစ်ခုထက် တစ်ခုသာတာ ရှိသေးတယ်၊ ဒါဟာ အပါယ်မပိတ်တဲ့ (၁၀) ပါး၊ အပါယ်ပိတ်တဲ့ (၁၀) ပါး၊ ဒီလိုခွဲ

ရား) ဩော် ဒီနေ့ည သိရတာသည်ကားလို့
၁ကျော်ပြီးသကာလ ထိုးထိုးထွင်းထွင်း
လို့ မှတ်ရမယ် (မှန်ပါဘုရား) ရိုးရာကျော်
၁ကျော်ပြီး ထိုးထိုးထွင်းထွင်း သိရမှာပါ
း သိရမယ့် တရားရှိသေးတယ်။
ါတရားပဲ ခုနက ပြောခဲ့ပါပြီ သို့သော်
လ်ရရုံ့ သုဂတိလောက် ကျေးဇူးပြုနိုင်
း၊ ဝစီကံ လေးပါးတစ်မျိုး၊ မနောကံ
ရင်းပါပြီဘုရား)။

ရား

ဂိတ်တဲ့ ကာယကံသုံးပါး၊ ဝစီကံ
ါး (တင်ပါဘုရား) ဩော် ဒါဖြင့်
ပါးပေမယ့် မြင့်တာရှိသေးတယ်
(တင်ပါဘုရား)။
ားမေးတာ ဒါ မဟောဖူးသေး
မယ် (တင်ပါဘုရား) ကိုင်း
ကြားဖူးတာနဲ့ ရှင်းပြမယ်။
ျားမယ်၊ ဩော် အခု
ဟောလတ္တံ့ဖြစ်တာ ျားနဲ့ဟာဖြင့် အတော်

ခြားနားသွားလိမ့်မယ်ဆိုတဲ့ဥစ္စာ ပေါ်သွားပြီ (မှန်လှပါဘုရား) ခြားနား ဘူးလား (ခြားနားပါတယ် ဘုရား) ခြားနားတယ်တဲ့။

ကိုင်း-ဒါဖြင့် အစေလကဿပက ကျုပ်ဒါတော့ မကြားဖူးသေးဘူး၊ ကျင့်လည်း မကျင့်ဖူးဘူး၊ လုပ်လည်း မလုပ်ဖူးဘူး ဒကာကြီးတဲ့၊ သူ့သူငယ်ချင်း အစေလကဿပက ပြောတယ်၊ လူတုန်းက သူငယ်ချင်းကွ။

ဒါနဲ့ သူက ပြန်ပြန်မေးတယ် အစေလကဿပက ဂေါတမ ဘုရားနဲ့ စိတ္တနဲ့ကိုးကွယ်နေတာ နှစ်ပေါင်း ဘယ်လောက်ရှိပြီလဲ၊ သုံးဆယ်ရှိပြီ၊ သုံးဆယ်ရှိတော့ ဒကာကြီး ခုနပြောတဲ့ လူတို့၏ ကုသလကမ္မပထတရား ဆယ်ပါးထက် လွန်မြောက်တဲ့ တရားဆယ်ပါး ရပလား၊ ဟာတပည့်တော် ရပြီ (မှန်ပါ့ဘုရား) ရပြီတဲ့။

ရပြီ ဆိုတာ မနေ့က ပြောခဲ့ပါပြီပဲ ဒကာဒကာမတို့၊ သူက အနာဂါမ်တောင် တည်နေမှ၊ သောတာပန်တောင်မှ မကပဲ သောတာပန် ဆိုရင်ရတယ် (မှန်လှပါ) သကဒါဂါမ်၊ အနာဂါမ် ဆိုလို့ရှိရင် အထူးပြောဖို့ မလိုတော့ဘူး ရပြီးသား ပုဂ္ဂိုလ် (မှန်ပါဘုရား)။

ကိုင်း . . . ဒါဖြင့်၊ ဩော် . . . ကာယကံ သုံးပါးလည်း နှစ်စားရှိပါတယ်၊ ဝစီကံလေးပါးလည်း (နှစ်စားရှိပါတယ်ဘုရား) မနောကံသုံးပါးလည်း (နှစ်စားရှိပါတယ်ဘုရား) နှစ်စားရှိပါ

လားဆိုတာ ပေါ်လာတယ်၊ ရိုးရိုးတရား, လွန်မြောက်တဲ့ တရား နှော် (တင်ပါဘုရား)။ ရိုးရိုးတရား (လွန်မြောက်တဲ့ တရားပါ ဘုရား)။

## ရိုးရိုးတရားဆိုတာ

ရိုးရိုးတရားဆိုတာ လူတို့၏ ထုံးတမ်းသာ နားလည်နေပြီး သကာလ ဒါလောက်နဲ့ သေပျော်ပြီဆိုတာဟာ ရှိသေးတယ် (တင်ပါဘုရား) မောင်ချစ်ဆွေ (မှန်ပါ ရှိပါတယ်ဘုရား) ငါတော့ သေပျော်ပြီကွ (တင်ပါ) ကာယကံ သုံးပါးလည်း လုံခြုံ၊ ဝစီကံ လေးပါးလည်း လုံခြုံပြီကွာ၊ မနောကံလည်း လုံခြုံပြီကွာ ဆိုတော့ ဒို့ ဘာပူစရာ ရှိတော့သတုံးဆိုတဲ့ အသွားမျိုးဟာလည်း၊ အစ်မ ပြောလည်း ပြောတယ် အားလည်း အားကိုးနေတာပဲ (တင်ပါ ဘုရား) ဟုတ်တာလည်း သူ့ဟာသူတော့ ဟုတ်နေတာပဲ (တင်ပါ ဘုရား)။

သို့သော် သူ ဘယ့်နှယ်ကြောင့် ဒီအသုံးနဲ့ ဒီအနှုန်းကိုပင် တင်းတိမ်နေပါလိမ့်မလဲလို့ မေးစရာရှိတော့မှ ဩော် အထက် ရှိမှန်းမသိလို့ ပြောတဲ့စကားပဲ (မှန်ပါဘုရား) မသိလို့ (မသိလို့ ပါ ဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား)။

ဒါဖြင့် မင်းတို့က ဒီဟာကို ခွဲ၊ ဘယ်လိုခွဲရမတုံးဆိုတော့၊ ဩော် ကုသိုလ်ပေမယ့်လည်း အပါယ်လေးပါး မပိတ်နိုင်တဲ့

ကုသိုလ်၊ အပါယ်တံခါး ပိတ်နိုင်တဲ့ကုသိုလ် ရှိသေးတယ်ဟော့ ဆိုတော့၊ ဆယ်ပါးနှစ်မျိုးဆိုတော့ ပေါ်သွားပြီပေါ့၊ မပေါ်သေး ဘူးလား (ပေါ်ပါပြီဘုရား)။

## ဒီအတိုင်းနေလို့မတော်ဘူး

အဲဒါကြောင့်မင်းတို့ဟာဖြင့် ဘြော် ဒို့သည်ကားလို့ဆိုလို့ ရှိရင် ဒီအတိုင်းနေလို့ မတော်ပါလား၊ လွန်မြောက်တဲ့တရား လုပ်ဦးမှ ပါလားဆိုတဲ့ စိတ်ဟာ၊ သားရှင်ပြုရုံနဲ့ ဝါတွင်းဥပုသ် စောင့်ရုံနဲ့ တင်းတိမ်နေလို့မရဘူး (တင်ပါဘုရား) ဒါ ခုန ကုသလ ကမ္မပထတရားဆယ်ပါးထဲကပဲ ရှိသေးတယ် (တင်ပါဘုရား)။

သူထက် လွန်မြောက်တဲ့တရားမှ အပါယ်တံခါး ပိတ်တာ ကိုကွ (မှန်ပါဘုရား) သူကတော့ သုဂတိရောက်သွားတာ နောက်ပြန်ကျတယ် (တင်ပါဘုရား) သူကသိပ်ပြီး သကာလ အားအကိုးကြီး ကိုးလောက်တဲ့တရား မဟုတ်ဘူး၊ မဆိုထိုက် ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

မသိတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်လည်း ဘုန်းကြီးများကလည်း ဒါလောက်ပဲကွာ မင်း တော်ပြီလို့လည်း ပြောချင်ပြော (တင်ပါ ဘုရား) မသိတဲ့ ပုဂ္ဂိုလ်ကျလာပြန်တော့လည်း၊ ဒါလောက်မှ မသိတဲ့ ပုဂ္ဂိုလ် ဒါလောက်ရအောင် မနည်းဆွဲယူရတယ် (မှန်ပါ ဘုရား) ဒါလောက်နဲ့ တင်းတိမ်နေတဲ့ ပုဂ္ဂိုလ်လည်း၊ ဟာ မတင်း

တိမ်နဲ့ဦးဆိုတာလည်း ဆရာသမားက ညွှန်ပြရတယ် (တင်ပါဘုရား) မညွှန်ပြရင် တော်ပါ့မလား (မတော်ပါဘုရား) မတော်ဘူးတဲ့။

## ကျုပ်က ဆွမ်းခံစားတာပဲ ရှိတယ်

အခု စိတ္တသူကြွယ်လို့မေးလိုက်တော့ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) လူတို့၏ ကုသလ ကမ္မပထတရား ဆယ်ပါးထက်၊ လွန်မြောက်တဲ့တရား အရှင်ဘုရား ရပလားမေး တာပဲ (တင်ပါဘုရား) မရသေးဘူးဘုရား၊ ကျုပ်က ဆွမ်းခံစား တာပဲ ရှိပါတယ်၊ ခေါင်းရိပ်ထားတာ ရှိတာပဲတဲ့၊ မရသေးပါဘူး ဒါတွေ သိလည်း မသိပါဘူးတဲ့ (မှန်ပါဘုရား)။

ဒါနဲ့ သူက ပြန်မေးတယ် ဒကာကြီးကော ရပလားဆို တော့၊ ရပြီ တပည့်တော်၊ ရတာမှဘုရား တပည့်တော် ဈာန်ကို လည်း ဝင်စားနိုင်ပါတယ်တဲ့၊ ဂေါတမ ဘုရားအရှင် တပည့်တော် က စုတေ စိတ်ကျ သွားမယ်ဆိုတာတောင်မှ၊ အောက်သံသရာ တပည့်တော်မသွားဘူးတဲ့၊ (တင်ပါဘုရား) ရထားတာမှ သေချာ တယ်တဲ့၊ အောက်သံသရာ မသွားဘူးတဲ့ အထက်ကနေပြီး နိဗ္ဗာန်ကူးတော့မှာတဲ့ (တင်ပါဘုရား)။

## ဒကာကြီးကတယ်ထူးပါလား

ဩော် ဒကာကြီးက တယ်ထူးပါလား။ (တင်ထူးတယ်ဆို ဒီလိုမှတ်ရမယ်တဲ့ "**သွာက္ခာတော၊ ဘဂဝတ**

မှတ်ရမယ်တဲ့၊ ရွတ်စမ်းပါဦး ဘာတဲ့တုံး (သွာက္ခာတော၊ ဘ. ဓမ္မောပါဘုရား)။

သွာက္ခာတော၊ ဘဂဝတာဓမ္မော၊ ဘဂဝတာဓမ္မော တရားသည် ဒါမြဲသော တရား သွာက္ခာတော ဒကာ ဒကာမအား ကုသလ ကမ္မပထတရား ဆယ်ပါးထက်၊ လွန်မြောက်တဲ့ တရားတွေ ကျင့်ဖို့ခေါ်တာ ရှင်းပလား (ရှင်းပါပြီဘုရား)။

သွာက္ခာတော၊ ဘဂဝတာ၊ ဓမ္မောဆိုတာကို လူတို့ကျင့်ဝတ်ထက် ပိုပြီးသကာလ၊ အထွတ်အထိပ်ရောက်တဲ့ အပါယ်လေးပါးတံခါးပိတ်တဲ့၊ အောက်သံသရာ မလည်တဲ့ တရားကို ဟောတော်မူတာ၊ သွာက္ခာတော ဘဂဝတော ဓမ္မောက (တင်ပါဘုရား) ဒါနည်းနည်းသေးသေးသိမ်သိမ်၊ အဖိုးနည်းနည်းတန်တယ်လို့ မောင်ချစ်ဆွေက မှတ်မနေနဲ့ (မှန်လှပါဘုရား)။

## ဘုရားကကောင်းစွာ ဟောထားတယ်

သွာက္ခာတော၊ ဘဂဝတာဓမ္မော ဗုဒ္ဓ-မြတ်စွာဘုရားသည်၊ ဓမ္မော-တရားတော်မြတ်ကို၊ သွာက္ခာတော-ကောင်းစွာ ဟောတော်မူအပ်ပါ၏ ဆိုတော့ သူအကောင်းဆုံးဟောထားတာပဲ၊

အဲဒီ အတိုင်းကျင့်ရမယ် (တင်ပါဘုရား)။

ဘယ်နှယ့်ဟောထားတာတုံးဆိုတော့ **ရုပ်အနိစ္စ၊ ရုပ်အနတ္တ သူဟောထားတယ်၊** ဒါသွာက္ခာတော ဘဂဝတာ ဓမ္မော (တင်ပါဘုရား) သူဟောမထားဘူးလား (ဟောထားပါတယ်ဘုရား) ဒါဘာတုံး (ကောင်းစွာ ဟောထားတာပါဘုရား) သွာက္ခာတော ဘဂဝတာ ဓမ္မောကွ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ဒီသွာက္ခာတော၊ ဘဂဝတာဓမ္မောကို ဒကာ ဒကာမတွေ ကြိုးစားလို့ ရှိရင်ဖြင့် လူတို့၏ ကုသလ ကမ္မပထ တရား ဆယ်ပါးထက် လွန်မြောက်တဲ့ သောတာပန် စခန်းရောက် မယ် (တင်ပါဘုရား) သေးတာ မဟုတ်ဘူးကွ (မသေးပါဘုရား)။

## ဒုက္ခသစ္စာလို့ရှိတယ်

သွာက္ခာတော ဘဂဝတာ ဓမ္မောဆိုတဲ့ စကားဟာ အစ်မ တို့က ဘုရားကို ရှိခိုးနေတာ (တင်ပါဘုရား) ငါတို့သည်ကားလို့ ဆိုရင်ဖြင့် ဘုရားက ကောင်းစွာ ဟောထားတဲ့ဥစ္စာကို ဘယ်လို များဟောထားပါလိမ့်မတုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တရှိတယ်ဟေ့၊ ဒုက္ခသစ္စာလို့ရှိတယ်ဟေ့ ဆိုတာ ဘယ်သူဟောထားတာတုံး ဆိုတော့ အစ်မတို့ ရထားတဲ့ ပါဠိပဲတဲ့ (မှန်လှပါဘုရား)။

## လူကျင့်ဝတ်ထက် လွန်မြောက်တဲ့တရား

ဘယ်နှယ့်တုံးကွ၊ မောင်ချစ်ဆွေက ရွတ်စမ်းပါဦး သွာက္ခာတော ဘဂဝတာ ဓမ္မောပါဘုရား) ကောင်းစွာ ဟောထားတဲ့တရားကို လူတို့၏ အကျင့်ထက် လွန်မြောက်တဲ့ တရားကို (ကျင့်ရမှာပါဘုရား)၊ လူတို့၏ ကျင့်စဉ်ထက် ပိုမိုပြီးသကာလ ထက်တဲ့တရားရှိသေးတယ်၊ အဲဒီထက်တဲ့ တရားဟာ သွာက္ခာတော ဘဂဝတာ ဓမ္မော (တင်ပါဘုရား)။

## ဝိပဿနာတရား

အဲဒါဘာတုံးလို့မေးတဲ့အခါကျတော့ ဝိပဿနာ (မှန်လှပါဘုရား) ပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား) ဟိုထဲမှာ ဝိပဿနာမှ မပါသေးဘဲကိုကွ **"ပါဏာတိပါတာ ဝေရမဏီ"** ပါပလား (မပါပါဘူးဘုရား) **"မုသာဝါဒါဝေရမဏီ"** ကော (မပါပါဘုရား) **အဘိဇ္ဈာ** ဆိုတာကော (မပါ ပါဘုရား) ဗျာပါဒကော (မပါပါဘုရား) မပါသေးပါဘူးတဲ့ အဗျာပါဒ ဆိုတာလည်း မပါသေးပါဘူး၊ သမ္မာဒိဋ္ဌိဆိုတာလည်း ကမ္မဿကတ သမ္မာဒိဋ္ဌိ ကံ ကံ၏အကျိုး ယုံကြည်မှုရှိသေးတယ် (တင်ပါဘုရား)။

ကောင်းတာလုပ် ကောင်းကျိုးပေးတဲ့လူတွေ တစ်ပုံကြီး ရှိသေးတယ် သဘောကျပလား (သဘောကျပါပြီဘုရား) မဂ် သမ္မာဒိဋ္ဌိဖြစ်ပလား (မဖြစ်သေးပါဘူးဘုရား) ဩော် ဒါအကြောင်း

သည်း ဟောလိုက်တာပဲဆိုတာ မပေါ်လာသေးဘူးလား (တင်ပါဘုရား)။

## တို့ဘာလိုနေလို့ပါလိမ့်

ဒါဖြင့် တို့ ဘာလိုနေလို့ ဒီဆရာဘုန်းကြီး ဘာတွေ ဟောပါလိမ့်မလဲဆိုတဲ့ဥစ္စာ ပေါ်သွားပြီကွ၊ (ပေါ်လာပါပြီ ဘုရား) လူတို့၏ နေတတ်၊ ထိုင်တတ်၊ ကုသိုလ်သာမည လုပ်တတ်တဲ့ ကုသလကမ္မပထတရား ဆယ်ပါးထက် လွန်မြောက်တဲ့ တရားကို လုပ်ရဦးမယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘယ်တရားတွေတုံး

ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့မှ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ သီလမှာက အဓိသီလဖြစ်အောင် လုပ်ရမယ်နော် (တင်ပါဘုရား) သမာဓိမှာလည်း အဓိ-လွန်ကဲတဲ့ သမာဓိ ဖြစ်အောင် လုပ်ရမယ် (တင်ပါဘုရား) သဘောကျပလား (သဘောကျပါပြီဘုရား) ပညာကလည်း လွန်တဲ့ ပညာဖြစ်ရမယ် ဟိုဆယ်ပါးထက် လွန်တဲ့ ပညာပေါ့ကွာ (တင်ပါဘုရား) ပေါ် သေးဘူးလား (ပေါ်ပါပြီဘုရား)။

ကဲ-ဒါဖြင့် ဘယ်နှစ်မျိုးရှိလို့ ဒီစိတ္တသူကြွယ်မေးတာတုံး ဆိုတာလည်း ရှင်းသွားပြီ (ရှင်းပါပြီဘုရား) ဩော် ကုသလ

ကမ္မပထတရား ဆယ်ပါးဟာလည်း နှစ်မျိုးရှိတယ် (တင်ပါဘုရား) လွန်တဲ့တရားက တစ်မျိုး၊ ဒီတင် ရပ်နေတဲ့တရားက (တစ်မျိုးပါ ဘုရား)။

အဲတော့ အစ်မတို့က စဉ်းစားရမယ်တဲ့ ဪ လုပ်နေတဲ့ ပုဂ္ဂိုလ်က များပါလား (တင်ပါဘုရား) လွန်ပြီးသကာလ ကျင့်တဲ့ ပုဂ္ဂိုလ်ကော ဘယ့်နှယ်နေတုံး (နည်းပါတယ်ဘုရား) ရှားတယ် လို့ဆိုလို့ရှိရင်ဘာမှ ပြောဖို့မလိုဘူးကွ (မှန်ပါဘုရား)။

## စိတ္တသုကြွယ်ကတော့မြဲသွားပြီ

ဒါနဲ့ ဒကာကြီးကကော ဒါရပြီးပလား၊ ရပြီးပြီ တပည့် တော်၊ ဒါတွေကုသလ ကမ္မပထတရား ဆယ်ပါးထက် လွတ် မြောက်တဲ့တရား၊ တပည့်တော် ကာယကံသုံးပါးလည်း ဘယ် တော့မှ မပျက်တော့ဘူး၊ ဝစီကံလေးပါးလည်း ဘယ်တော့မှ မပျက်တော့ဘူး၊ မနောကံသုံးပါးကလည်း တပည့်တော် ဘယ်တော့မှ မပျက်တော့ဘူး၊ မြဲသွားပြီ။

ဘယ်သူ ဘယ်လိုလုပ်သလဲ၊ အခုဒီနေရာမှာ ပါဏာတိ ပါတာ ဝေရမဏီဆိုပြီး ဆိုနေရာကျတော့ အင်း သန်းတုပ်ချင် တုပ်နေတာ (တင်ပါ) ဒီလို ဖြစ်တာမျိုး မဟုတ်ဘူးတဲ့ တပည့် တော်တို့က (တင်ပါဘုရား) ဒါ လွန်သွားပြီတဲ့ (တင်ပါဘုရား) မြဲသွားပြီဆိုတာ။

## အထက်သာသွားဖို့ရှိတယ်

ဒါဖြင့် ဒကာကြီး တယ်နေရာကျပါလား၊ နေရာကျ ပေမယ့် တပည့်တော် ဘုရားတဲ့၊ ဘုရားက ပရိနိဗ္ဗာန်မစံသေးဘဲ၊ တပည့်တော်က အရင်သေမယ်ဆိုရင်တဲ့၊ အထက်သံသရာသာ တပည့်တော် သွားစရာ ရှိတယ် (တင်ပါ) အောက်သံသရာ သွားဖို့ မရှိဘူးတဲ့ (တင်ပါဘုရား)။

ဘာတဲ့တုံး (အထက်သံသရာသာ သွားဖို့ရှိတယ်၊ အောက်သံသရာသွားဖို့ မရှိပါဘုရား) ဘုရားထက် သူက စောပြီး သေပွဲများဝင်မှာတောင်မှ (တင်ပါဘုရား)။

## မှန်ကလေးဆောင်ထားပါ

ဒီနေ့ တရားတစ်ပုဒ်ကြားထိုးရမှာပေါ့ကွ (တင်ပါဘုရား) သံယုတ်ပါဠိတော်မှာလည်း တစ်ခါလာပြန်တယ်၊ ရှင်အာနန္ဒာက အရှင်ဘုရား ဘယ်သူ သေပြန်ပြီ ဘယ်ရောက်သတုံး၊ ဘယ်သူ သေပြန်ပြီ ဘယ်ရောက်သတုံး ဆိုတော့၊ ထင်ရှားတာကို ဘုရားက ပေ‌ဟ အောက်သံသရာထဲက လွတ်သွားပြီ။ သောတာပန် တည်သွားပြီပေါ့ကွာ (တင်ပါဘုရား) သူကတော့ပေ‌ဟ လူ့ပြည် တစ်ကြိမ်တောင်မလာဘူးကွာ၊ အနာဂါမ်တည်ပြီ၊ သူကတော့ (၃၁)ဘုံ ပေ‌ဟ ခြေကန်သွားပြီ၊ ရဟန္တာဖြစ်သွားပြီ (တင်ပါဘုရား) အဲတော့ ကွာတဲ့ မင်းက သာဝတ္ထိပြည်နဲ့က နီးတယ်၊ ဝေသာလီ

ပြည်ထဲက ဒီလိုချည်းပဲ မင်းက လာမေးနေမယ်၊ မင်းလို တစ်ပါး သော ပုဂ္ဂိုလ်က လာမေးနေမယ် ဆိုလို့ရှိရင်လည်း ငါ အားတော့ မှာမဟုတ်ဘူး (တင်ပါဘုရား) ငါအားတော့မှာ မဟုတ်ဘူးတဲ့။

အဲတော့ မင်း မှတ်ထားပါ၊ မှတ်ထားတဲ့ ကိုယ့်အဆင်း ဟာ လှတယ်၊ အရုပ်ဆိုးတယ် သူများမေးတာ ကြာတယ်ကွာ၊ ကိုယ့်မှန်လေးရှေ့ထောင်ကြည့်တာပေါ့ (တင်ပါဘုရား) သဘော ပါပလား (သဘောပါပြီဘုရား)။

## အလုပ်လုပ်ထားဖို့အရေးကြီးတယ်

ကျုပ် ဘယ့်နှယ်နေသတုံး၊ ဝနေသေးလား၊ သူများ မေးရတာကတော့ မေးရိုးထုံးစံပဲ (တင်ပါဘုရား) မမေးဘဲနဲ့ သိတဲ့အလုပ်ကို လုပ်ထားဖို့ အရေးကြီးတယ် အာနန္ဒာက (တင်ပါဘုရား)။

အဲတော့ ဒါဖြင့်ကွာတဲ့၊ တရားမှန်ကလေးတစ်ခု ထားလိုက်ပါမယ်၊ ကိုယ့်ဟာကိုယ်သိတဲ့ မှန်ကလေးတစ်ချပ် ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါ ရှင်အာနန္ဒာက မေးလွန်းလို့၊ ဘုရားက ဒီလိုသာ မင်းမေးနေမယ်ဆို ငါ့တရားဟောချိန်မရှိတော့ဘူး၊ ဘယ်သူတော့ အပါယ်သွားပြီဆိုတာ ပြောရမှာပေါ့ (မှန်ပါဘုရား)။

## ဘုရားဂုဏ်တော်

အဲဒါဒီလိုပါတဲ့၊ ဘာတုံးဆိုတော့ မနေ့က တရား ပြန်ဆက်၊ ဘယ်သူက ခါးကုပ်ပေါ်ဝဲပြီး ဘုရားဂုဏ်တော် ကိုးပါး မရှိဘူးလို့ ဆိုစေကာမူ၊ သူက ရှိတယ် အသေအချာယုံကြည် တယ်၊ ဒါ မှန်တစ်မျိုးကွတဲ့ (တင်ပါဘုရား) ဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုရင်ဖြင့် ငါသောတာပန်တည်ပြီလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ် ချက် ချနိုင်ပါပြီ (တင်ပါဘုရား)။

## တရားဂုဏ်တော်၊ သံဃာဂုဏ်တော်

တရားဂုဏ်တော် ခြောက်ပါးရှိတယ်ကွာတဲ့၊ အဲဒါ သူ မတုန်မလှုပ် ယုံကြည်နေတဲ့ သူတစ်ဦးတစ်ယောက် ဖြစ်ခဲ့လို့ ရှိရင် ဧည့်ဘ် သူသောတာပန်တည်နေပြီ ဒါ သူ့မှန်ပဲကွ၊ (တင်ပါဘုရား) သံဃာဂုဏ်တော် ကိုးပါးရှိတယ်၊ အရိယာသံဃာ ဂုဏ်တော်၊ အဲဒါကို မတုန်မလှုပ်ယုံကြည်ပြီး ဘယ်သူဖျက်လို့မှ မရပါဘူး ဆိုလို့ရှိရင် အဲဒါ မှန်တစ်ချပ်ပဲကွ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒီလေးချက်ညီရင် သောတာပန်

သီလ ကိုလည်းကွာတဲ့၊ သူပေါက်အောင်၊ ကျိုးအောင်၊ ပြတ်အောင် ဒီလိုမလုပ်တော့ပါဘူးတဲ့၊ သီလပျက်အောင် သူဘာမှ မလုပ်တော့ပါဘူး၊ အဲဒီလေးချက် ညီလို့ရှိရင် ဒါ သောတာပန် ပါပဲကွာ၊ အဲဒါ သောတာပန်တည်ပြီလို့ ဆုံးဖြတ်ချက်ချပါ (တင်ပါဘုရား)။

ကိုယ့်ဟာကိုယ် ဩော် ငါ ဒီလေးချက်ညီလို့ရှိရင်ဖြင့်တဲ့ ကိုယ့်မှန်နဲ့ ကိုယ်ကြည့်ပြီးသကာလ ငါသောတာပန်ပဲ၊ ငါသက ဒါဂါမ်ပဲ၊ ငါ အနာဂါမ်ပဲလို့ဆိုတာ သိတာပဲ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဓမ္မာဒါသ၊ ဓမ္မ-က တရား၊ ဒါသ-က မှန်ပေါ့ကွာ (တင်ပါဘုရား) အဲဒါ မင်းသေချာမှတ်ထား၊ နောက် လာမမေးနဲ့ အဲဒီပုဂ္ဂိုလ်တွေလည်း ပြောလိုက် (တင်ပါဘုရား) ဒီလို ဘုရားက မေးမှာ စိုးလွန်းလို့ မေးရင်လဲ အားမှာ မဟုတ်တော့ဘူး (တင်ပါ) အားပါ့မလား (မအားပါဘူး)။

အဲဒီလို စိုးရိမ်သောကြောင့် ဓမ္မာဒါသ ဆိုတာလည်း ဟောထားတယ်၊ ဓမ္မ က တရား၊ အာဒါသက မှန်၊ အာဒါသကို နော် (တင်ပါဘုရား) ဒီမှာလည်း ဒကာ ဒကာမတွေမှာ ရှင်းရှင်း

နှီးနှီး နေကြတော့၊ တပည့်တော် ဘယ်အခြေအနေရောက်နေတယ်၊ အားလည်းထုတ်တာ အတော်ကြာပေါ့လို့ ဆိုတဲ့ ဥစ္စာမမေးပါနဲ့တော့၊ ဘုန်းကြီးတို့ကို မေးဖို့မလိုဘူး၊ ဒီဓမ္မာဒါသနဲ့တင်ပြီးပါပြီ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## သူများကို မေးဖို့မလိုဘူး

ကုသလ ကမ္မပထတရား (၁၀) ပါးထက် လွန်မြောက်တဲ့တရားရလို့ရှိရင် သူများမေးဖို့ မလိုဘူးတဲ့ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား) ရှင်းသွားပြီ (ရှင်းပါပြီဘုရား)။

အဲဒါနဲ့ပဲ ဘုရားက အရင်ပရိနိဗ္ဗာန်မစံပဲ၊ သူကအရင်သေရင်တောင် တပည့်တော်အထက်သံသရာထဲ သွားဖို့ ရှိတယ်ဆိုတာ၊ တပည့်တော်ဟာ တပည့်တော် သူ့မှန်ထဲသူကြည့်ပြောတာ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား) စိတ္တသူကြွယ်က (သူ့မှန်ထဲ သူကြည့်ပြောတာပါဘုရား)။

သူ့မှန်ထဲ သူကြည့်ပြောတာဆိုတော့ ခုနက ထုတ်ပြောတာနဲ့ မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား) ဒါနဲ့ပဲ ဒကာကြီး

ဒါဖြင့် အလကားလုပ်နေတာ နှစ်ပေါင်း(၃၀) ကြီးဗျာ။ ကျုပ်ခင်ဗျားတို့ သာသနာထဲ ဝင်ပါရစေ ဆိုပြီး သာသနာ့ဘောင်ဝင်လိုက်တယ်၊ ဒါဖြင့် ပစ္စည်းလေးပါး တပည့်တော်ခံမယ်၊ ရဟန်းလည်း တပည့်တော်က ခံမယ်၊ ဆွမ်းကွမ်းလည်း တပည့်တော်က လှူပါ့မယ် ဆိုပြီး ရဟန်းသပိတ်ကြီး အပ်ပြီးတော့ သူ့တရားအားထုတ်ခိုင်းတာပဲ (တင်ပါဘုရား)။

## အစေလကဿပ ရဟန္တာဖြစ်တယ်

အဲဒီတော့မှ ဖြစ်ပျက်တွေ မြင်၊ မုန်း၊ ဆုံးပြီး သူ ရဟန္တာဖြစ်သွားတယ် (မှန်ပါဘုရား) အဲဒီတော့မှ ကုသလ ကမ္မပဋ္ဌတရားဆယ်ပါးထက် လွန်မြောက်တဲ့ တရား ရသွားတယ် (တင်ပါဘုရား)။

သောတာပန်တည်ကတည်းက ရတယ်လို့ ဆိုကြပါစို့။ ရှင်းပလား (ရှင်းပါပြီဘုရား) အဲတော့ကို ဒီနေ့ည အထူးမှတ်စရာက နှစ်လုံးထဲပါပါတယ်၊ ဩော် ကုသိုလ်ဆိုတာ အထက်တန်းကုသိုလ်၊ အောက်တန်းကုသိုလ် နှစ်မျိုးရှိတာကို ဒါ တစ်ချက် (မှန်ပါဘုရား)။

## ကိုယ့်ကိုယ်ကိုမှန်နဲ့ကြည့်ပါ

ကိုယ့်ကိုယ်ကို မှန်နဲ့ကြည့်ပြီး မှဲ့ရှိတာ၊ တင်းတိတ် ရှိတာ သိသလို၊ အရသာ ကောင်းတာသိသလို၊ ကိုယ်လုပ်ထားတဲ့ အလုပ်ဟာလည်း တော်တော်ခရီးပေါက်ပလား၊ မပေါက်ဘူး လား ဆိုတာလည်း ကိုယ့်ဟာကို ဆုံးဖြတ်နိုင်တာကိုလည်း ယနေ့ည သိရပြီ (မှန်လှပါဘုရား) မသိရဘူးလား (သိရပါတယ် ဘုရား)။

အဲဒီနှစ်ခုဟာ ပွိုင့် (point) နှစ်ခု၊ လိုရင်းနှစ်ခုလို့ မှတ်ကြပါ (မှန်ပါဘုရား)။

ကဲ ယနေ့ ဒီတွင် တော်ကြဦးစို့
သာဓု . . . သာဓု . . . သာဓု။